# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၁) ရက် ၊ ကြာသပတေးနေ့ ၊ (15-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၀၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၁၅ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကိုအားပေး

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားတိုင်းပညာရည်မြင့်မားရေး အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့် ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများဖြစ်ပေသည်။ လူတစ်ယောက်သည် မွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာသင်ယူ လေ့လာကြရခြင်းဖြစ်သည်။ ပညာကို သင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင်တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးသည်။ ပညာရေးတွင်ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်စေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့်ခွဲဝေစေလျက်ရှိသည်။ ထို့ပြင် နိုင်ငံတွင် အဆင့်မြင့်ပညာတတ်မြောက်သူများ ပေါ်ကြွယ်ဝစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပြီး ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ပညာရေးအဆင့်အတန်းတိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့်ထောက်ပံ့ငွေများချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ စာတတ်မြောက်သူများတိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထကိုတိုးပွားအောင်ဆောင်ရွက်ပေးခြင်းများသည် ထင်ရှားသောသာဓကများဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးကလည်း ပညာ၏တန်ဖိုးကိုသိရှိပြီး အားထုတ်ခြင်းရှိမှသာ နိုင်ငံ၏ပညာရေးရည်မှန်းချက်ကို အောင်မြင်စေမည်ဖြစ်သည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်မြောက်ထားမှသာ ဘဝရပ်တည်ချက်ခိုင်မာမည်ဖြစ်သည်။ နိုင်ငံတိုင်းတွင်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာတတ်များမပါဝင်ဘဲ ဆောင်ရွက်၍မရသည်ဖြစ်ရာ ပညာခေတ်တွင် ပညာတတ်များ၊ ပညာရှင်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါအရာရောက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်များပေါ်ကြွယ်ဝမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များပေါ်ထွက်စေရေးအတွက် ပညာရေးကဏ္ဍကို နိုင်ငံတော်နှင့်အတူ မိဘပြည်သူများ၊ ဆရာ၊ ဆရာမများက ဝိုင်းဝန်း၍ အထူးအားပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သမိုင်းဝင်ရှင်အရဟံသိမ်တော်များတွင် ပူဇော်ထားသည့်ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သွားရောက်ဖူးမြော်



**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး အနော်ရထာမင်းလက်ထက် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ပွင့်လင်းထွန်းကားအောင် ရွက်ဆောင်ခဲ့သော ရှင်အရဟံမထေရ်မြတ် ဦးဆောင်၍ သမုတ်ခဲ့သည့်သိမ်တော်ကြီး ၂၇ လုံးအနက် မန္တလေးမြို့ရှိ နေထွက်သိမ်တော်၊ မွန်းတည့်သိမ်တော်၊ နေဝင်သိမ်တော်နှင့် သန်းခေါင်ယံ သိမ်တော်များသို့ သွားရောက်ကာ ကိန်းဝပ်အပူဇော်ခံထားသည့်ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဘိုတက်ကုန်းရွာရှိ နေထွက်သိမ်တော်သို့လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ရှိ မွန်းတည့်သိမ်တော်သို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ရှိ နေဝင်သိမ်တော်သို့လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်ကျောင်းတိုက်အတွင်းရှိ သန်းခေါင်ယံ သိမ်တော်သို့လည်းကောင်း သွားရောက်ကြပြီး သိမ်တော်များတွင် ကိန်းဝပ်အပူဇော်ခံထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးမြော်ကြည်ညိုကာ ရောင်ခြည်တော်ဖွင့်ပူဇော်၍ ဆီမီး၊ ရေချမ်းများကပ်လှူကြပြီး သိမ်တော်များ၏ပရဝဏ်အတွင်းအပြင်များကို လှည့်လည်ကြည့်ရှုကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့်ပြုပြင်ရန်လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ သိမ်တော်များသို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းထိုင်ဆရာတော်များကိုဖူးမြော်ပြီး သိမ်တော်များနှင့် စပ်လျဉ်း၍ ဩဝါဒများခံယူကာ ဆရာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၇၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

**ဟသ်ာတ ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသိန်းက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ဟသ်ာတမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ဆီ တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားဈေးကွက်တွေကို တင်ပို့ရောင်းချပါတယ်။ တင်ပို့ရောင်းချမှုအားကောင်းလာတော့ သိုလှောင်ထားတဲ့သူတွေလဲ အဆင်ပြေနေပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်နေတာက လက်ကျန်ကုန်ပစ္စည်းတွေပါ"ဟု ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသိန်းက ပြောပြသည်။

မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီးချိန်မှစတင်၍ လိုအပ်သောပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရပြီး လိုအပ်ပါက ရေတင်ပေးရကြောင်း၊ မိကျောင်းကွမ်းဖတ်တစ်ကေလျှင် ပျမ်းမျှ ၁၇ တင်းမှ ၂၄ တင်းထိထွက်ရှိကြောင်း ဒေါ်အေးသိန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၇၄၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၇၄၈၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၄၇၀၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၄၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ဆီထွက်သီးနှံ ဧက ၄၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၆၃၇၅ ဧက၊ နှမ်း ၁၀၄၃၉ ဧကနှင့် နေကြာ ၆၆၇ ဧက စုစုပေါင်း ၁၇၄၈၁ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ဧက ၂၅၉၈၀၊ နှမ်း ဧက ၁၉၀၅၀ နှင့် နေကြာ ဧက ၂၀၃၀ စုစုပေါင်း ဧက ၄၇၀၆၀ ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြင်းမူမြို့နယ်တွင် စိုက်ပျိုးထားသောဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀-၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပခုက္ကူမြို့နယ် ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပခုက္ကူ ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေလဲဇီးတောကျေးရွာ၌ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ခြင်းရှိ၊ မရှိ အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ မိသားစုဝင်ငွေတိုးတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ရေလဲဇီးတောကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၅ ဦးကို ဒသမအကြိမ်မြောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၀၅ သန်းကို ထုတ်ချေးပေးထားကြောင်း ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာထံမှ သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၄၀၊ ၈၃_၈၄လမ်းကြားနေ ဒေါ်ညွန့်ညွန့် (အင်း၀အမှုန့်ကြိတ်စက်) မိသားစုက ကိုကျော်စည်သူအားရည်စူး၍ ဆွမ်းအလှူငွေအတွက် ငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်တို့က လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၉၈၅ ကေထိ စိုက်ပျိုးပြီးစီး



မုံရွာ ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ၂၉၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၂၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မိုးစပါးဧက ၂၂၀၀၀ စိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ၂၉၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါး သတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့ နည်းပညာတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေး စသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်နှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အမရပူရ ဩဂုတ် ၁၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တမုတ်ဆိုးကျေးရွာအုပ်စု ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များကို ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းနဝမအကြိမ်အဖြစ် အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၂၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၃၇ သိန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၁၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးထံမှ သိရသည်။

နီလာ

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းခဲ့ရ

လပွတ္တာ ဩဂုတ် ၁၄


ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းဝေက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးခြောက်မျိုးစုံပိဿာချိန် ၆၅၀၀၀ ထိသာရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်များမှာ ငါးကွမ်းရှပ် (ငါးညို) ခြောက်၊ ငါးလိပ်ခြောက်၊ ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက် စသည့် အမျိုးအစားများကို အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၈၅၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုလဲများခဲ့တာဖြစ်ပါတယ်။ ငါးခြောက်ဈေးကတော့ ပုံမှန်အနေအထားမှာပဲရှိပါတယ်။ အခုလို ငါးခြောက်တွေ အရောင်းအဝယ်ကောင်းလာတော့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအတွက် အဆင်ပြေနေပါတယ်''ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းဝေက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက် တစ်ပိဿာ ဈေးနှုန်းမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးပြေမငါးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးလိပ်ခြောက် တစ်ပိဿာလျှင် ၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ဆင်ဖြူရှင်မြေဒူးမင်း မြို့တည်မော်ကွန်း

ဗိုလ်ရှိတ်(ရတနာပူရ)

အင်းဝမြို့ကို တတိယအကြိမ်မြောက်တည်ခဲ့သော ဆင်ဖြူရှင်မြေဒူးမင်း၏ အင်းဝမြို့တည်သော အခမ်းအနားနှင့်ပတ်သက်၍ အဝရွှေနန်းတော်တည်စာတမ်း၊ အဝမြို့တည်မော်ကွန်း၊ တတိယမြို့တည်နန်းတည်အမေးအဖြေဟူ၍ ရေးမှတ်တမ်းသုံးခုတွေ့ရသည်။ မှတ်တမ်းသုံးခုစလုံးသည် အလွန်ရှားသော ပေမူမှတ်တမ်းများဖြစ်သည်။ အဝရွှေနန်းတော်တည်စာတမ်းသည် ဆင်ဖြူရှင်မြေဒူးမင်းတည်သော အင်းဝမြို့နန်းတည်သည့်အကြောင်းကို အသေးစိတ်မှတ်တမ်းတင်ထားသော စာတမ်းဖြစ်သည်။ အဝမြို့တည်မော်ကွန်းသည် နန်းတော်၊ မြို့တော်တည်သည့်အကြောင်းကို လေးလုံးစပ်မော်ကွန်းကဗျာရှည်ဖြင့် မှတ်တမ်းတင်ထားသော ကဗျာဖြစ်သည်။ တတိယမြို့တည်နန်းတည်အမေးအဖြေမှာ မြို့နန်းတည်မည့်အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆရာတော်တို့ထံမေးရာ ဆရာတော်တို့က အကျိုးသင့်အကြောင်းသင့် ကျမ်းဂန်အထောက်အထားများဖြင့် ပြန်လည်ရှင်းပြသောကျမ်းဖြစ်သည်။ မှတ်တမ်းသုံးခုစလုံးသည် ဆင်ဖြူရှင်မြေဒူးမင်း၏ မြို့တည်နန်းတည်ခန်းကို လေ့လာနိုင်သော ကျမ်းများဖြစ်သည်။

အဝမြို့တည်မော်ကွန်းသည် ကိုးကြောင်းရေးမျဉ်းနီပေဖြစ်ပြီး က အစ ကဲ အဆုံးပေရှစ်ချပ်တိတိရှိသည်။ ပေပေါ်တွင် "ဝန်ထောက်တော် ဝက်မစွတ်မြို့စားမင်းစာ"ဟူ၍ တွေ့ရသဖြင့် ဝက်မစွတ်ဝန်ထောက် ဦးလတ်ပိုင်ဆိုင်ခဲ့သော ပေဖြစ်သည်ဟုယူဆရသည်။ ဝက်မစွတ်ဝန်ထောက်မင်းသည် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏အဖိုးဖြစ်သည်။ အဝမြို့တည်မော်ကွန်းသည် ရှုံလောသွယ်ပိုက်၊ လက်ယာတိုက်တွင်" ဟူသောစကားဖြင့် အစချီထားသည်။ မော်ကွန်းမှာ ပိုဒ်ရေ ၂၃ ပိုဒ်တိတိပါရှိသည်။ မော်ကွန်းတွင် မော်ကွန်းရေးသားပြုစုပြီးစီးသောနှစ် မပါရှိသလို ပေကူးနှစ်လည်း မပါရှိပါ။

**မော်ကွန်းရေးသူ**

အဝမြို့တည်မော်ကွန်းရေးသူကို ကျမ်းပြီးနိဂုံး၌ "ရတနာပူရ မဟာနဂရ အင်းဝရွှေမြို့တော်တည်သည်တွင် ဦးညိုဆိုသည် မင်္ဂလာမော်ကွန်းဘုရား"ဟူ၍ ပါရှိသဖြင့် ဦးညိုဖြစ်ကြောင်း တိတိကျကျသိရသည်။ "မင်္ဂလာမော်ကွန်းဘုရား"ဟူ၍ သုံးနှုန်းထားသဖြင့် ဤမော်ကွန်းသည် ရှင်ဘုရင်ကိုဆက်သခဲ့သော မော်ကွန်းဖြစ်ကြောင်း သိရသည်။ ဤတွင် စဉ်းစားဖွယ်ရာများမှာ ဦးညိုအကြောင်းဖြစ်သည်။ စာဆိုဦးညိုသည် မည်သူဖြစ်သည်ကို လေ့လာရန်လိုသည်။ မော်ကွန်းနိဂုံးအတွင်း၌ ဦးညိုဟူ၍ တိတိကျကျဆိုထားသောကြောင့် ဦးညိုဖြစ်ကြောင်းကား အငြင်းပွားဖွယ်ရာမရှိပေ။ သို့သော် မော်ကွန်းစာဆိုဦးညိုသည် ဆင်ဖြူရှင်မြေဒူးမင်း၊ စဥ့်ကူးမင်းတို့လက်ထက်၌ ထင်ရှားခဲ့သောစာဆိုတော်တစ်ဦးဖြစ်သည့် အတွင်းဝန်ထောက်မောင်ညိုဖြစ်မည်ဟုယူဆရသည်။ ဦးညိုသည် ဆင်ဖြူရှင်မြေဒူးမင်း၏သားတော် စဥ့်ကူးမင်း၏ ကျွန်ယုံတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဆင်ဖြူရှင်မြေဒူးမင်း၏ အင်းဝမြို့တည်အခမ်းအနားကို သိမီလိုက်သူတစ်ဦးဖြစ်သည်။ ထိုသို့ သိမီလိုက်သောကြောင့် အင်းဝမြို့တည်မော်ကွန်းကို ရေးဖွဲ့နိုင်ခဲ့ခြင်းဖြစ်ပေမည်။

အတွင်းဝန်ထောက်မောင်ညို၏အကြောင်းကို ရေးပေမူတစ်စောင်၌ "မောင်ညိုအကြောင်း။ ဘွဲ့မှာ ရွှေတောင်နန္ဒမိတ် ငယ်မည်ရင်းမောင်သာမောင် အမရပူရ ပဉ္စမမြို့နန်းတည်မင်းတရားကြီး ကျွန်တော်မျိုးတည်း။ ၎င်းဆိုစာမှာ ရွှေမင်းဘုန်းဆင်တော်ဘွဲ့၊ မဏိကူဟာချီကျေးစေရတုပိုဒ်စုံ၊ ၎င်းပြင်ရတုလင်္ကာကိုလည်း အများပင်ရေးသည်။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်းတွင် အတွင်းဝန်ထောက် ကဝိမြောက်၏ လက်ထောက်ကျွန်ယုံ ဟူ၍စပ်လေသည်။ အမရပူရမြို့နန်းတည်မင်းတရားကြီးကွပ်တော်မူ၍ လွန်လေသည်"ဟူ၍ဖော်ပြထားသည်။ ဤပေမူမှတ်တမ်းအရ ဦးညိုသည် ရွှေတောင်နန္ဒမိတ်ဘွဲ့ကို ရခဲ့ကြောင်း ထင်ရှားလှသည်။

**❖ အဝမြို့တည်မော်ကွန်းဆိုသည့်အတိုင်း မော်ကွန်းအတွင်း၌ အင်းဝမြို့တည်သည့်အကြောင်းကို အဓိကထား၍ဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ၁ မှ ၃ ထိသည် အင်းဝမြို့တည်နေရာ မင်းဝံတောင်အစွန်း၏ မြင့်မြတ်ပုံနှင့် မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝတွင် စိုးစံခဲ့သည့်မင်းများအကြောင်းကို ဖွဲ့ဆိုထားသည်။ အပိုဒ် ၄ မှစ၍ အင်းဝမြို့တည်သည့်အကြောင်းကို ဖွဲ့ဆိုထားသည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် ဇာတိမြေဖြစ်သော ရတနာသိင်္ဃမြို့၌ သုံးနှစ်စိုးစံခဲ့ပြီး အင်းဝမြို့သို့ပြောင်းရွှေ့ကာ မြို့တည်ခဲ့သည်။ ❖**

ထို့ပြင် ဦးညိုအကြောင်းကို မင်းတုန်းမင်းကြီး နန်းတက်စ၌ ပြုစုရေးသားခဲ့သော ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း၌ "မောင်ညိုအကြောင်းအရာကား ရွှေတောင်နန္ဒမိတ်ယောက်ဖ၊ ငယ်မည် ငသာမောင်၊ ဘိုးတော်ဘုရားကျွန်။ ၎င်းဆိုစားရွှေမင်းဘုန်းဆင်ဘွဲ့၊ မဏိကူဟာချီကျေးစေပိုဒ်စုံနှင့် ရတုလင်္ကာကိုလည်း အများအပြားရေးသည်။ ရွှေမင်းဘုန်းဆင်ဘွဲ့တွင် အတွင်းဝန်ထောက်ကဝိမြောက်၍ လက်ထောက်ကျွန်ယုံစပ်လေသည်။ ဘိုးတော်ဘုရားကွပ်မျက်တော်မူသည်"ဟူ၍ ဖော်ပြထားသည်။ ဤကျမ်းတွင် ဦးညို၏ ကွယ်လွန်နှစ်ကိုစာခေါင်းစဉ်တွင် ၁၁၄၃ လွန်ဟူ၍ ပါရှိသည်။ ထို့ကြောင့် ဦးညိုသည် သက္ကရာဇ် ၁၁၄၃ ခုနှစ် ဘိုးတော်ဗဒုံမင်းနန်းတက်စတွင် ကွပ်မျက်ခံရခြင်းဖြစ်ပေမည်။

အမှန်က ဦးညိုသည် ဘိုးတော်ဗဒုံမင်း ဘုရင်မဖြစ်မီက ဘိုးတော်ဗဒုံမင်းထံ၌ အမှုထမ်းခဲ့သော ကျွန်ရင်းဖြစ်သည်။ ဆင်ဖြူရှင်မြေဒူးမင်းနတ်ရွာစံပြီး သားတော်စဥ့်ကူးမင်း နန်းတက်သောအခါတွင် ဘိုးတော်ဗဒုံမင်းထံမှ စဥ့်ကူးမင်းထံသို့ပြောင်းရွှေ့အမှုထမ်းသည်။ စဥ့်ကူးမင်းထံအမှုထမ်းစဉ် သက္ကရာဇ် ၁၁၄၂ ခုနှစ်တွင် ရွှေမင်းဘုန်းဆင်တော်မော်ကွန်းကို ရေးဖွဲ့ပြီး စဥ့်ကူးမင်းကိုဆက်သခဲ့သည်။ ထိုမော်ကွန်းရေးခဲ့သဖြင့် ဦးညိုသည် စဥ့်ကူးမင်းလက်ထက်၌ မျက်နှာကောင်းရ၍နေခဲ့ရသော်လည်း စဥ့်ကူးမင်းနောက် နန်းတက်သည့်ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ကွပ်မျက်ခံခဲ့ရသည်။ ကွပ်မျက်ခံရသည့်အကြောင်းမှာ ရွှေမင်းဘုန်းဆင်တော်မော်ကွန်းတွင် ရေးဖွဲ့ခဲ့သော စာသားတချို့ကြောင့်ဖြစ်သည်။ ရွှေမင်းဘုန်းဆင်တော်မော်ကွန်းတွင် ဦးညိုက စဥ့်ကူးမင်း၏ကျွန်ယုံတော်ဖြစ်ကြောင်းကို "အတွင်းဝန်ထောက်၊ ကဝိမြောက်၍ လက်ထောက်ကျွန်ယုံ"ဟူ၍ ရေးဖွဲ့ခဲ့သောကြောင့်ဖြစ်သည်။ ထိုရေးသားချက်ကြောင့် စဥ့်ကူးမင်းကိုလုပ်ကြံ၍ ဘိုးတော်ဗဒုံမင်း နန်းတက်သောအခါတွင် ဦးညိုကို "မောင်မင်းသည် စဥ့်ကူးမင်း၏ ကျွန်ယုံတော်ဖြစ်သည်။ မောင်မင်းအရှင်သခင်ကို ကွပ်မိချေ၍ ငါ၏အကျိုးမဲ့ကို မောင်မင်းပြုလတ္တံ့။ ထို့ကြောင့် မောင်မင်းအရှင်တို့သွားရာလမ်းသွားစေ"ဟုဆိုကာ ကွပ်မျက်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် ဦးညိုသည် ဘိုးတော်ဗဒုံမင်း နန်းတက်စ ၁၁၄၃ ခုနှစ်တွင် ဘဝပြောင်းရရှာပေသည်။ ဦးညိုရေးခဲ့သော စာပေစာရင်းတွင် ယခုတွေ့ရှိသည့် "အဝမြို့တည်မော်ကွန်း"ကိုပါ ထည့်သွင်းရေတွက်ရမည်ဖြစ်သည်။

**မော်ကွန်းပါအကြောင်းအရာများ**

အဝမြို့တည်မော်ကွန်းဆိုသည့်အတိုင်း မော်ကွန်းအတွင်း၌ အင်းဝမြို့တည်သည့်အကြောင်းကို အဓိကထား၍ဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ၁ မှ ၃ ထိသည် အင်းဝမြို့တည်နေရာ မင်းဝံတောင်အစွန်း၏မြင့်မြတ်ပုံနှင့် မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝတွင် စိုးစံခဲ့သည့်မင်းများအကြောင်းကို ဖွဲ့ဆိုထားသည်။ အပိုဒ် ၄ မှစ၍ အင်းဝမြို့တည်သည့်အကြောင်းကို ဖွဲ့ဆိုထားသည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် ဇာတိမြေဖြစ်သော ရတနာသိင်္ဃမြို့၌ သုံးနှစ်စိုးစံခဲ့ပြီး အင်းဝမြို့သို့ ပြောင်းရွှေ့ကာ မြို့တည်ခဲ့သည်။ ရတနာသိင်္ဃမြို့မှ ပြောင်းရွှေ့၍ အင်းဝမြို့တည်ပုံကို

"ရွှေချက်ကြွေရာ၊ ရတနာသိင်္ဃ
ဌာနမြတ်စစ်၊ ဇာတိခေတ်တွင်
သုံးနှစ်ရိပ်မြုံ၊ ပျော်ခဲ့တုံမှ
မြစ်ဆုံရော၊ စမ္မာရက်သန်း
သံလျက်ကျွန်းတွင်၊ တဆန်းတကြယ်
ပြိုင်ဆွယ်နိုင်ဟော့၊ ခြသေ့်သဏ္ဌာန်
ကိုးတန်ဌာန၊ အရာချလျက်
ပေါက်ပြဋ္ဌာန်ချောင်၊ ဆင်လောင်ရွှေလမ်း
ကျိန်းခန်းကာလ၊ ဌာဝရရှေ့ရှု
တည်တော်မူ၍၊ ရန်သူမနိုင်
မဏ္ဍိုင်ဗဟိုရ်၊ မြင်းမိုရ်ကဲ့သို့
ဝေမှိုမှိုတည့်၊ ရွှေမြို့တော်ကြီး
ရှုမညီးအောင်၊ အသီးတတန်
ထပ်ဆင့်ပြန်သည်
ဝေဘန်အထူးအဆန်းတည်း" ဟူ၍ ရေးဖွဲ့ထားသည်။

**အပြင်မြို့ကြီး၏အနေအထား**

ဆင်ဖြူရှင်မြေဒူးမင်းတည်ခဲ့သော အင်းဝမြို့တွင် မြို့တွင်းမြို့ရိုး သုံးထပ်ရှိသည်။ မြို့ရိုးသုံးထပ်တွင် အတွင်းဆုံးမြို့ရိုးကို နန်းမြို့တော်ဟုခေါ်သည်။ အလယ်မြို့ရိုးကို မြို့ကလေးမြို့ရိုးဟုခေါ်ပြီး အပြင်ဘက်ဆုံးမြို့ရိုးကို အပြင်မြို့ရိုးဟုခေါ်သည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် အပြင်ဘက်ဆုံးမြို့ရိုးကြီးကို ပထမဆုံးတိုးချဲ့တည်ဆောက်ခဲ့သောမင်းဖြစ်သည်။ အဝမြို့တည်မော်ကွန်း၌ အပြင်မြို့ကြီး၏ မြေပြင်အနေအထားပုံစံကို အသေးစိတ်ဖွဲ့ဆိုပြထားသည်။ ဘယ်ဘုရားကနေ ဘယ်ရောက်၊ ထိုမှတဖန် ဘယ်သို့ချိုးသည် စသည်ဖြင့်တည်ဆောက်ခဲ့သည့်မြို့ရိုးပုံစံကို အသေးစိတ်တွေ့ရသည်။ ထိုအကြောင်းကို မော်ကွန်းပိုဒ်ရေ ၁၄ ၌

သကြားစေခိုင်း၊ နတ်ဆင်တိုင်းဖြင့်
တပိုင်မယွင်း၊ စီရင်ချင်းကား
ပျော်ခင်းချမ်းမြေ့၊ ခြသေ့်ပုံဆောင်
မြို့ရန်အောင်၏၊ တောင်ဒက္ခိဏာ
သာယာရိပ်မြုံ၊ ကျော်ဘုံထင်ရှား
ရွှေတံခါးမှ၊ တောင်ပါးဖြောင့်မတ်
ကျုံးကိုဖြတ်၍၊ မညွတ်မတင်
ငွေစင်ကိုနင်း၊ ဖြောင့်စင်းဒိသာ
ဒက္ခိဏာဝယ်၊ မဟာမြတ်မုနိ
စေတီရှေ့မြောက်၊ ရောက်လျှင်ယွန်းမြောင်
ထောင်ကဲ့ပြုဗ္ဗာ၊ ရှေ့ခန်းဝါနိုက်
ဟင်္သာဂီရိ၊ ရှေ့ဒီသာတွင်
ချီခဲ့ငင်၍၊ တောင်တင်သို့ရောက်
တောင်မြောက်တုံပြီး၊ နောက်သို့ချီးမှ
ပြည်သီဘုရား၊ ထားခဲ့တောင်မှတ်
မြောက်သို့ပတ်၍၊ ညွတ်ခဲ့တခန်း
ဖြောင့်တန်းတန်းဖြင့်၊ သန်းခဲ့ယင်းမြောက်
နှစ်ရာလောက်တွင်၊ နောက်သို့တဘန်
တက်ပြန်ဥတ္တရ၊ ယင်းနောက်မှကား
လောကဝေသဘူ၊ သုံးလူမကိုဋ်
ထောင်ဝိုက်ပြီးလျှင်၊ ငွေစင်ကိုးပေါက်
မြောက်သို့ခွာခဲ့၊ နောက်သို့ငှဲ့လျက်
ပြဲ့ပြဲ့တဘန်၊ မြောက်ညာဆန်၍
ကျော်ဝှန်ရိုက်ကြည်၊ နောက်ဆီသည်လျက်
ဝိနည်းထိုးတိုက်၊ ပိုက်ခဲ့မြောက်ချောင်
နောက်သို့ဆောင်မှ၊ တောင်လေးလုံးဝယ်
မြောက်သို့ဆွယ်၍၊ ရှေ့ဆွယ်ဖြောင့်တန်း
မြောက်သို့သန်းလျက်၊ အောင်နန်းကျော်ဘုံ
မြေခံမြောက်ညာ၊ ရှေ့သို့ခွာ၍

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားမှု ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါးဧက ၂၃၁၆၀ ရိတ်သိမ်းပြီးစီး



**ခင်ဦး ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောနွေစပါး ဧက ၂၃၁၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော နွေစပါးများကို ယခုနှစ်ဖွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၃၁၆၀ ရိတ်သိမ်းပြီးစီးပြီးဖြစ်ရာ တစ်ဧကလျှင် နွေစပါး ၈၄ ဒသမ ၀၇ တင်းထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက နွေစပါးဧက ၂၃၁၆၀ ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက်အချိန်မီရောက်ရှိစေဖို့အသိပညာတွေပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် နွေစပါးဧက ၂၃၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၃၁၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါးစိုက်တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းတိုးတက်စေရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ် စပါးစိုက်တောင်သူများအနေဖြင့် နွေစပါးနှင့်နွေသီးနှံများ ရိတ်သိမ်းအပြီး မိုးစပါးနှင့်အခြားသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်များ ကြိုတင်စုဆောင်းရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ထားကြောင်း သိရသည်။

(၂၀၆)

# ငြိမ်းချမ်းသာစွ ဝါခေါင်လ

\- ကောင်းကင်မှာ တိမ်ကနုတ်တွေက
လိမ်ရှုပ်သည့် အာကာပြင်၊
ရောင်စုံဖြာ အလှပန်း
ပွင့်လန်းလို့ပင်၊
ဒဟတ်ပန်းတို့ ရွှေရောင်လွင်
ပင်ယံတွင် အလှထူး၊
ဇလပ်ဝါ ခတ္တာပန်းတို့
လန်းဆန်းပွင့်ဖူး။

\- ငှက်မျိုးစုံ တေးသံကျူးလို့
မြူးထူးပျော်ကြ တို့လယ်ယာ၊
ကောက်ပင်ပျို လေယူတိမ်း
ယိမ်းနွဲ့ဘယ်ညာ၊
တောတောင်တို့ ဝေဝေဆာ
စိမ်းစိုကာ ပဲနှမ်းပြောင်း၊
သခွားဘူးဖရုံ ပေါများလှတယ်
အားရဖွယ်ကောင်း။

\- စေတနာကို သဒ္ဓါလောင်းလို့
စုပေါင်းပြီး လှူဒါန်းကာ၊
စာရေးတံမဲ ပွဲတော်ခင်း
ကျင်းပလို့သာ၊
အရဏ်ဦး အချိန်ခါ
မြတ်သံဃာ လောင်းလှူကြ၊
မေတ္တာဂုဏ် အစွမ်းရယ်ကြောင့်
အေးချမ်းကာ အလှူမျိုးစုံတယ်
ရိုးရာဂုဏ် ထိန်းသိမ်းကြလို့
ငြိမ်းချမ်းသာစွ။ ။

**ပန်းမာလာ**

# ကျေးသီးမြို့နယ် ဝမ်မိုင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကျေးသီး ဩဂုတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ခုန့်ကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဝမ်မိုင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

➢ စာမျက်နှာ ၄ မှအဆက်

ခမ်းဝါမွှေ့မွှေ့၊ မြောက်သို့ကွေ့မှ
အရှေ့သို့မြော၊ လောကသရာဘူ
သုံးလုထိပ်ညောက်၊ မြောက်ဆီရောက်သော်
ကောက်ကောက်ကွေ့ကွေ့၊ ဝိုက်ကာဝေ့လျက်
ရှေ့သို့ရောက်ပြန်၊ မြောက်သို့ဆန်မှ
တဘန်လည်းကောင်း၊ ရှေ့မြောက်စောင်ဝယ်
မြို့ဟောင်းတောင်ဆိုက်၊ မီးသွေးတိုက်သို့
ပတ်ဝိုက်ညွှတ်ခွေ၊ စီရင်ပေသည်
ချီလေအထောင့်မော်ယွန်းတည်း" ဟူ၍ဖွဲ့ဆိုထားသည်။

အတွင်းဝန်ထောက်ဦးညိုရေးခဲ့သော အဝမြို့တည်မော်ကွန်းသည် သမိုင်းတန်ဖိုးကြီးမားသော မော်ကွန်းတစ်စောင်ဖြစ်သည်။ တရုတ်ကျူးကျော်စစ် လေးကြိမ်၊ ယိုးဒယားကိုအောင်နိုင်ခဲ့သော ဆင်ဖြူရှင်မြေဒူးမင်း၏ ကြီးကျယ်ခမ်းနားသောမြို့တည်စီမံကိန်းကြီးအကြောင်းကို ရေးဖွဲ့ထားသောမော်ကွန်းဖြစ်သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဤမော်ကွန်းသည် ပုံနှိပ်မှုမရှိဘဲ ပေမူဖြင့်တိမ်မြုပ်နေခြင်းဖြစ်သည်။ သမိုင်းသုတေသီတို့အတွက် ကြီးမားသောဆုံးရှုံးမှုဟု ဆိုနိုင်သည်။ မော်ကွန်းစာရင်းများကို အပြည့်အစုံစုဆောင်းဖော်ပြထားသည့် ဆရာမကြီးမြန်မာဂုဏ်မြမြသန်း၏ မော်ကွန်းစာရင်း၌ပင် ဤမော်ကွန်းအမည်မပါပေ။ သမိုင်းသုတေသီများ လေ့လာရလွယ်ကူအောင် ပုံနှိပ်မှုအဖြစ်သို့ရောက်ရှိသင့်သည့် မော်ကွန်းတစ်စောင်ဖြစ်ပါသည်။

# SCIENCE AND TECHNOLOGY

## အာဖရိကအနောက်မြောက် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက နစ်မြုပ်ခဲ့သည့်ကျွန်းများကို ရှာဖွေတွေ့ရှိထား



**မက်ဒရစ် ဩဂုတ် ၁၄**

အာဖရိကအနောက်မြောက် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက ရေအောက်နစ်မြုပ်ခဲ့သည့်ကျွန်းများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါရေအောက်နစ်မြုပ်နေသော ကျွန်းစုကို လော့စ်အတ္တလန္တိတ်ကျွန်းစုဟူ၍ ဂရိဒဿန ပညာရှင်ကြီး ပလေတို၏ အတ္တလန္တိတ်ဒဏ္ဍာရီကိုအစွဲပြုကာ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

လော့စ်အတ္တလန္တိတ် ကျွန်းစုသည် ယနေ့ခေတ် စပိန်နိုင်ငံ ကနေရီကျွန်းစုအနီး တည်ရှိပြီး လွန်ခဲ့သောနှစ်သန်းပေါင်းများစွာက နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း စပိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လော့စ်အတ္တလန္တိတ်ကျွန်းစုသည် လွန်ခဲ့သောနှစ်ပေါင်း ၅၆ သန်းနှင့် ၃၄ သန်းကြားကာလ အီအိုစင်းဘူမိခေတ်အတွင်း ယနေ့ခေတ် ကနေရီကျွန်းစုအနီးတည်ရှိခဲ့ကြောင်း သိရသည်။

လော့စ်အတ္တလန္တိတ်ကျွန်းစုသည် လက်ရှိအချိန်တွင် ပင်လယ်ရေအောက်အနက် ၁ ဒသမ ၄ မိုင်အကွာတွင် တည်ရှိကြောင်း သိရသည်။

လော့စ်အတ္တလန္တိတ်ကျွန်းစုသည် အီအိုစင်းဘူမိခေတ် မီးတောင်များ ပေါက်ကွဲမှုရပ်တန့်သွားချိန်တွင် ရေအောက်နစ်မြုပ်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၈၀ နှင့် သန်း ၆၅၀ ကြားကာလအတွင်း ကမ္ဘာနှင့်လကြားအကွာအဝေး ကီလိုမီတာ ၂၀၀၀၀ ခန့် ပိုဝေးခဲ့

**ပေကျင်း ဩဂုတ် ၁၄**

လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၈၀ နှင့် သန်း ၆၅၀ ကြားကာလအတွင်း ကမ္ဘာနှင့်လကြားအကွာအဝေးမှာ ကီလိုမီတာ ၂၀၀၀၀ ခန့် ပိုဝေးခဲ့ကြောင်း သိပ္ပံပညာရှင်များက ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။

တရုတ် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ဘူမိရူပသတင်းအချက်အလက်များကို အသုံးပြု၍ လွန်ခဲ့သောနှစ်ပေါင်းသန်း ၂၈၀ နှင့် ၆၅၀ ကြား ကာလအတွင်း ကမ္ဘာ၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၈၀ နှင့် ၆၅၀ ကြားကာလအတွင်း ကမ္ဘာနှင့် လမှာ ကီလိုမီတာ ၂၀၀၀၀ ခန့်ပိုဝေးခဲ့ပြီး ကမ္ဘာဂြိုဟ်၏ နေ့တာကာလမှာလည်း ၂ ဒသမ ၂ နာရီထိ ပို၍ကြာမြင့်လာကြောင်း သိရသည်။



လွန်ခဲ့သောနှစ်ပေါင်း သန်း ၂၈၀ နှင့် ၆၅၀ ကြားကာလနှင့် နှစ်ပေါင်း သန်း ၂၈၀ နှင့် ၃၅၀ ကြားကာလအပိုင်းအခြားနှစ်ရပ်တွင် ကမ္ဘာကြီး၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းမှာ ကျဆင်းလာသည်ကိုတွေ့ရကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လွန်ခဲ့သောနှစ်သန်း ၃၅၀ နှင့် သန်း ၅၀၀ ကြားကာလတွင် ကမ္ဘာကြီး၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းကျဆင်းမှု အရှိန်တန့်နေခဲ့ရကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကြယ်များဖွဲ့စည်းဖြစ်ပေါ်လာပုံဆိုင်ရာ အတွေးအမြင်များကို ပြောင်းလဲပေးနိုင်ဖွယ်ရှိသော ကြယ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဩဂုတ် ၁၄**

ကြယ်များဖွဲ့စည်းဖြစ်ပေါ်လာပုံဆိုင်ရာ အတွေးအမြင်များကို ပြောင်းလဲ ပေးနိုင်ဖွယ်ရှိသော ကြယ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၁၃ ရက်သတင်းများအရ သိရသည်။

J 0524-0336 အမည်ရှိ ကြယ်သည် နေထက်အဆ ၃၀ ပိုကြီးမားပြီး နေနှင့်နှိုင်းယှဉ်ပါက လက်ရှိသက်တမ်းတွင် လစ်သီယမ်ဒြပ်စင်ပါဝင်မှု အချိုးအစား ကြောက်ခမန်းလိလိ ပို၍မြင့်မားနေကြောင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

J 0524-0336 ကြယ်၏လစ်သီယမ်ဒြပ်စင် ပါဝင်မှုနှုန်းကို လက်ရှိ သက်တမ်းမှာပင် နေတွင် ပါဝင်သည့်နှုန်းထက် အဆပေါင်း ၁၀၀၀၀၀ ထိ ပိုများသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

J 0524-0336 ကြယ်၏ လစ်သီယမ်ဒြပ်စင် ပါဝင်မှုနှုန်းသည် လက်ရှိလက်ခံထားသော ကြယ်များ ဖွဲ့စည်းဖြစ်ပေါ်ပုံဆိုင်ရာ အမြင်များကို စိန်ခေါ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၃၀၀၀၀ ခန့် အကွာတွင်ရှိသော အဆိုပါကြယ်သည် သက်တမ်းကုန်လုဆဲဆဲအဆင့်တွင် ရှိသည့်ကြယ်တစ်စင်း ဖြစ်သည်။

ကြယ်တစ်စင်း၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ် နောက်ဆုံးအဆင့်တွင်ရှိသောကြယ်တစ်စင်းအနေဖြင့် လစ်သီယမ်ဒြပ်စင်ပါဝင်မှုနည်းပါးတတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ရောဂါနောက်ခံအကြောင်းတရား ၁၄ မျိုးကို ကုသခြင်းဖြင့် Dementia ကိုတားဆီးနိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၁၄**

ရောဂါနောက်ခံအကြောင်းတရား ၁၄ မျိုးကို ကုသခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဝင်ချိန်ကို အချိန်ဆွဲထားနိုင်သို့မဟုတ် တားဆီးနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

Dementia ရောဂါသည် ကမ္ဘာတစ်ဝန်း လူပေါင်း ၅၇ သန်းထိ ခံစားနေရသော တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမြင်အာရုံဆုံးရှုံးမှုနှင့် သွေးအတွင်း ဆိုးကျိုးပြုကိုလက်စထရော ပါဝင်မှုနှုန်းမြင့်မားခြင်းအပါအဝင် Dementia ရောဂါ နောက်ခံအကြောင်းတရား ၁၄ မျိုးကို ကုသဖြေရှင်းခြင်းဖြင့် Dementia ရောဂါဝင်ချိန်ကို အချိန်ဆွဲထားနိုင်သို့မဟုတ် တားဆီးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ Dementia ရောဂါနောက်ခံအကြောင်းတရား ၁၄ မျိုးကို ကုသဖြေရှင်းခြင်းဖြင့် ကမ္ဘာတစ်ဝန်း Dementia ရောဂါဖြစ်ပွားမှုနှုန်းကို ၄၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

သုတေသန ပညာရှင်များ၏ ခန့်မှန်းချက်အရ ၂၀၅၀ ပြည့်နှစ်တွင်ကမ္ဘာ တစ်ဝန်းလုံး၌ Dementia ရောဂါခံစားရသူ အရေအတွက် ၁၅၃ သန်းထိ ရှိလာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကမ္ဘာတစ်ဝန်း အမျိုးသားများတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့်သေဆုံးမှုနှုန်း ၂၀၅၀ ပြည့်နှစ်တွင် မြင့်တက်လာနိုင်

**နယူးယောက် ဩဂုတ် ၁၄**

ကမ္ဘာတစ်ဝန်း အမျိုးသားများတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့်သေဆုံးမှုနှုန်းသည် ၂၀၅၀ ပြည့်နှစ်တွင် မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၃ ရက်တွင် ပြောကြားသည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၅၀ ပြည့်နှစ်ကြားကာလအတွင်း အမျိုးသားများ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းသည် ၈၄ ရာခိုင်နှုန်းမြင့်တက်လာနိုင်ပြီး ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းမှာ ၉၃ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထူးသဖြင့် အထက်ပါကာလအတွင်း အသက် ၆၅ နှစ်နှင့်အထက် အမျိုးသားများတွင် ကင်ဆာရောဂါ ဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်း ပို၍မြင့်မားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် နိုင်ငံနှင့်နေရာပေါင်း ၁၈၅ ခုတို့၌ဖြစ်ပွားခဲ့သော ကင်ဆာရောဂါ ၃၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်စပိုင်းအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကထုတ်ပြန်ခဲ့သော ခန့်မှန်းချက်အရ ၂၀၅၀ ပြည့်နှစ်တွင် ကင်ဆာရောဂါဖြစ်ပွားမှုဖြစ်စဉ်သစ် ၃၅ သန်းကျော်တိုးလာနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# လက်စတာအသင်းက လေဗာကူဆင်တိုက်စစ်မှူး ဟလိုဇက်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁၄**

ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် လက်စတာအသင်းက ကစားသမားဖြည့်တင်းမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိရာ လေဗာကူဆင်အသင်း တိုက်စစ်မှူး ဟလိုဇက်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။

ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုတွင် လက်စတာအသင်းက ဟလိုဇက်ကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကာ အငှားစာချုပ်အတွက် ပြောင်းရွှေ့ကြေး မည်မျှပေးချေရမည်ကို အသေးစိတ်ထုတ်ပြန်ခြင်းမရှိသေးသော်လည်း စာချုပ်ကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် အပြီးသတ် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူးသည် ၂၀၂၂ ခုနှစ်က လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ပွဲ ၈၀ ထိ ပါဝင်ကစားခွင့် ရရှိခဲ့သူဖြစ်ကာ အသင်းအတွက် သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး ပြီးခဲ့သည့်ရာသီက အသင်းကို ဘွန်ဒက်လီဂါ ဆုဖလားနှင့် ဂျာမန်ပိုကယ်ဖလားရရှိအောင် ကူညီပေးနိုင်ခဲ့သည်။

လက်စတာအသင်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဆက်လက်ကစားခွင့်ရရှိရေးအတွက် တိုက်စစ်ပိုင်းဖြည့်တင်းမှုများ ပြုလုပ်နေကာ ဘရိုက်တန်အသင်းမှ ဘိုနာနိုတီကို ခေါ်ယူခဲ့ပြီးနောက် တိုက်စစ်မှူး ဟလိုဇက်ကို ခေါ်ယူရန် သဘောတူညီမှုရယူခဲ့သည့်အပြင် ဂါလာစာရေး တိုက်စစ်ကစားသမား ဇာဟာကိုလည်း အငှားစာချုပ်ဖြင့် ထပ်မံခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် လီဗာပူးအသင်း တောင်ပံတိုက်စစ်မှူး ဒီယက်ဇ်ကို မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် ကြားဖြတ်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- အေစီမီလန်အသင်းနည်းပြ ဖွန်စီကာက မန်ယူအသင်းက ပစ်မှတ်ထားနေသည့် မိုနာကိုကွင်းလယ်ကစားသမား ဖိုဖန်နာကိုခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း အတည်ပြုပြောကြားခဲ့သည်။
- ဂိုးသမား ဂျွန်စတုန်းက ပဲလေ့စ်အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့ပြီးနောက် လက်စတာ၊ ဝုဗ်နှင့် ဆောက်သမ်တန်အသင်းတို့က အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- ဝက်စ်ဟမ်းအသင်းက မန်ယူအသင်းကစားသမား ဝမ်ဘစ်ဆာကာကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့်ခေါ်ယူခဲ့ပြီး ၂၀၃၁ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# ချဲလ်ဆီးအသင်းက ပယ်မာကို ၂၀၃၃ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း ထုတ်ပြန်




**လန်ဒန် ဩဂုတ် ၁၄**

ချဲလ်ဆီးအသင်းသည် တောင်ပံတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ပယ်မာကို ၎င်း၏ခြေစွမ်းပိုင်းကို ချီးမြှောက်သည့်အနေဖြင့် လာမည့် ၂၀၃၃ ခုနှစ်ထိ သက်တမ်းတိုးနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ တောင်ပံတိုက်စစ်ကစားသမားသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက မန်စီးတီးအသင်းမှ ချဲလ်ဆီးအသင်းသို့ ခုနစ်နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းအတွက် သွင်းဂိုး ၂၂ ဂိုးထိသွင်းယူကာ တိုက်စစ်မှူးဟာလန်းနောက် ဒုတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့သည့်အပြင် ချဲလ်ဆီးအသင်းအား ၎င်း၏သွင်းဂိုးများဖြင့် ဥရောပယှဉ်ပြိုင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းတာဝန်ရှိသူများက လူငယ်ကစားသမား၏ ခြေစွမ်းပိုင်းကို ချီးမြှောက်လိုသဖြင့် အသင်း၏ မူဝါဒနှင့်အညီ ကာလရှည် စီမံကိန်းဖြင့် ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ပြီး နောက်ထပ်နှစ်နှစ်သက်တမ်းတိုးကာ လာမည့် ၂၀၃၃ ခုနှစ်ထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ပယ်မာက"ကျွန်တော့်အနေနဲ့ ပထမဆုံး ဘောလုံးရာသီမှာပဲ ချဲလ်ဆီးအသင်းမှာ အောင်မြင်မှုတွေရခဲ့ပါတယ်။ ဒီအသင်းမှာ ကျွန်တော် အတွေ့အကြုံကောင်းတွေဆက်ရမယ်လို့ မျှော်လင့်ပါတယ်။ အတွေ့အကြုံနဲ့ စွမ်းဆောင်ရည် မြင့်တက်လာခြင်းက အသင်းအတွက် ဆုဖလားတွေရယူပေးနိုင်ဖို့ အဓိကကျပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ပယ်မာသည် ပရီးမီးယားလိဂ်၌ သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် ၂၀၂၄ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ခြောက်ဦးစာရင်းတွင် ပါဝင်နေပြီး အကောင်းဆုံးဆုရယူနိုင်ရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

**Ref : Chelseafc**

**Trs : ML**

# Lawn Tennis Association ၏ ဇူလိုင်လအတွက် အကောင်းဆုံးတင်းနစ်မယ်အဖြစ် အမ်မာရာဒူကာနူရွေးချယ်ခံရ

**လန်ဒန် ဩဂုတ် ၁၄**

ဗြိတိန်အခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သော Lawn Tennis Association က ဇူလိုင်လအတွက် အကောင်းဆုံး ဂေါက်သီးရိုက်မယ်အဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူအား ရွေးချယ်လိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာရာဒူကာနူသည် ၂၀၂၄ ခုနှစ်အတွင်း အောင်မြင်မှုတစ်စုံတစ်ရာ ရယူထားနိုင်ခြင်းမရှိသေးသော်လည်း မြက်ကွင်းအမျိုးအစားတွင်ယှဉ်ပြိုင်သော ပြိုင်ပွဲများတွင် ရလဒ်ကောင်းရယူထားနိုင်သည်။

ထို့ပြင် အမ်မာရာဒူကာနူသည် မကြာသေးမီက ကျင်းပခဲ့သော ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် လက်ရည်စစ်ပွဲအဆင့်မှ စတင် ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သော်လည်း ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် ကစားသမားများဖြစ်ကြသော ဘယ်လ်ဂျီယံတင်းနစ်မယ် မာတန့်နှင့် ဂရိတင်းနစ်မယ် ဆက်ကာရီတို့ကို အနိုင်ရရှိခဲ့ခြင်းသည် ယခုနှစ်အတွင်း အမ်မာရာဒူကာနူအတွက် အအောင်မြင်ဆုံး အခြေအနေဖြစ်သည်။



Lawn Tennis Association အဖွဲ့အစည်းက "ဇူလိုင်လအတွက် LTA ရဲ့ တစ်လတာ အကောင်းဆုံး တင်းနစ်မယ်ဆုအဖြစ် အမ်မာရာဒူကာနူကို ရွေးချယ်လိုက်ပါတယ်။ အမ်မာဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ စတုတ္ထအဆင့်ကို တက်ရောက်နိုင်ခဲ့ပြီးတော့ နာမည်ကြီး ကစားသမားတွေဖြစ်တဲ့ မာတန့်နဲ့ ဆက်ကာရီတို့ကို အနိုင်ယူနိုင်ခဲ့တယ်။ LTA ရဲ့ ဘုတ်အဖွဲ့ဝင်တွေက ဒီဆုအတွက် အမ်မာရာဒူကာနူကို တစ်ညီတစ်ညွတ်တည်း ရွေးချယ်ခဲ့ကြပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# လန်းစ်အသင်းတိုက်စစ်မှူး ဝါဟီကို မာဆေးအသင်း ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်




**ပဲရစ် ဩဂုတ် ၁၄**

မာဆေးအသင်းသည် လန်းစ်အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဝါဟီကို ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

မာဆေးအသင်းသည် တိုက်စစ်မှူး ဝါဟီကို လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သောကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီ ပိတ်ချိန်ကတည်းက လက်ရှိအချိန်ထိ ကစားသမားသစ်ကိုးဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဝါဟီသည် ၂၀၂၃ နွေရာသီ အပြောင်းအရွှေ့က မောင့်ပယ်လီယာအသင်းမှ လန်းစ်အသင်းသို့ ယူရို ၃၀ သန်းဖြင့် ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် ပြိုင်ပွဲစုံ ၃၇ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၁၂ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အာဆင်နယ်အသင်းအား ၎င်း၏သွင်းဂိုးဖြင့် အနိုင်ယူ၍ အသင်းကို ရှုံးထွက်အဆင့်သို့ ပို့ဆောင်ပေးနိုင်ခဲ့သဖြင့် ယခုနှစ် ဘောလုံးရာသီတွင် အောင်မြင်မှုရရှိရန် မျှော်မှန်းထားသည့် မာဆေးအသင်းက တိုက်စစ်ပိုင်းအတွက် ၎င်းကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။

မာဆေးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၈)နေရာဖြင့်သာ အဆုံးသတ်ခဲ့သောကြောင့် ယခုနှစ်တွင် ဥရောပပြိုင်ပွဲကစားခွင့် ဆုံးရှုံးခဲ့သဖြင့် နွေရာသီ အပြောင်းအရွှေ့ကာလ မဖွင့်လှစ်မီ ပြီးခဲ့သည့် ဇွန်လကတည်းက နည်းပြသစ် ဒီဇာဘီကို ခန့်အပ်ပြီးနောက် ကစားသမားဖြည့်တင်းမှုများ ပြုလုပ်ခဲ့သည်။

လက်ရှိနည်းပြ ဒီဇာဘီ လက်ထက်တွင် မာဆေးအသင်းသည် ဝါဟီအပါအဝင် တိုက်စစ်မှူး ဂရင်းဝုဒ်၊ ကွင်းလယ်ကစားသမား ဟော့ဂျက်၊ ခံစစ်ကစားသမား ဘရက်စီယာ စသည့် ခြေစွမ်းပြကစားသမားများကို ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : France24**

**Trs : ML**

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် Junior Lions အသင်းနှင့် ရှေဝတီယူနိုက်တက် ယူ-၂၀အသင်းတို့ နိုင်ပွဲရရှိ




ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ Junior Lions အသင်းနှင့် ရှေဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက စလင်း အားကစားကွင်းတွင် ဒဂုံပေါ် အသင်းနှင့် Junior Lions အသင်းတို့ ကစားခဲ့ရာ Junior Lions အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်တွင် ကျော်ညီညီ၊ ပွဲချိန် ၂၆ မိနစ်၊ ၄၅ မိနစ်၊ ၄၉ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ခန့်ဝင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ရှေဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် သစ္စာအားမာန် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရှေဝတီယူနိုက်တက် ယူ-၂၀ အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှေဝတီယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် ၃၁ မိနစ်တွင် အောင်ချစ်ကလည်းကောင်း၊ ပွဲချိန် ၂၅ မိနစ်တွင် ဝိုင်းထက်ပိုင်ကလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး သစ္စာအားမာန် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် အာကာလင်းထက်နှင့် ပွဲချိန် ၄၉ မိနစ်တွင် ခန့်ဖုန်းနိုင်တို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှေဝတီအသင်းက YREO အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရှေဝတီအသင်းနှင့် YREO အသင်းတို့ ကစားခဲ့ရာ ရှေဝတီအသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင် ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် လက်ရွေးစင် ကစားသမားအများစုပါဝင်သည့် ရှေဝတီအသင်းက ခြေစွမ်းပိုင်း အသာစီးဖြင့် ဖိအားပေးကစား နိုင်ခဲ့ပြီး ပွဲချိန် ရှစ်မိနစ်၊ ၁၃ မိနစ်နှင့် ၁၅ မိနစ်တွင် စန်းသော်သော် ပွဲချိန် ၁၈ မိနစ်တွင် မေသကြိန်မိုးတို့က ရှေဝတီအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ပထမပိုင်းအပြီးတွင် ရှေဝတီအသင်းက လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း ရှေဝတီအသင်းက ဘောလုံး ပိုင်ဆိုင်မှုအသာစီးဖြင့် ဆက်လက် ဖိအားကစားနိုင်ခဲ့ကာ YREO အသင်း ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ပွဲချိန် မိနစ် ၈၀ နှင့် ပွဲချိန် ၈၂ မိနစ်တို့တွင် စန်းသော်သော်က ရှေဝတီအသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက် သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှေဝတီအသင်းက YREO အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရှေဝတီအသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး လေးဂိုး သွင်းယူပေးနိုင်ခဲ့သည့် စန်းသော်သော်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# 2028 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ကန်တပ်ကီပြည်နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နယူးယောက် ဩဂုတ် ၁၄

ဥရောပ အမျိုးသမီးဂေါက်သီး ရိုက်အသင်းနှင့် အမေရိကန် အမျိုးသမီး ဂေါက်သီးရိုက်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် 2028 Solheim Cup ဂေါက်သီးရိုက် ပြိုင်ပွဲကို အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ် ဗယ်ဟယ်လာ ဂေါက်ကလပ်တွင် ကျင်းပသွားရန် ရွေးချယ်ခံခဲ့ရကြောင်း Solheim Cup ဂေါက်သီးရိုက်ကျင်းပရေး ကော်မတီက ထုတ်ပြန်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗယ်ဟယ်လာ ဂေါက်ကလပ်သည် 2028 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရခဲ့ပြီးနောက် ဂေါက်သီးရိုက်လောကတွင် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Solheim Cup ဂေါက်သီးရိုက် ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည့် ပထမဆုံး ဂေါက်ကလပ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အမျိုးသား အဓိကဂေါက်သီး ရိုက်ပြိုင်ပွဲများကို လက်ခံကျင်းပနေသည့် ဗယ်ဟယ်လာဂေါက်ကလပ်သည် ပထမဆုံးအကြိမ် အဓိက အမျိုးသမီးဂေါက်သီးရိုက် ပြိုင်ပွဲအား လက်ခံကျင်းပသွားမည် ဖြစ်ပြီး 2024 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ ဗလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည်ဖြစ်ကာ 2026 Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို နယ်သာလန်နိုင်ငံ ခရွမ်ဗိုက်မြို့တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အက်ဘီကို လက်ဝှေ့လောကမှ အနားယူကြောင်းကြေညာ

အက်ကရာ ဩဂုတ် ၁၄

IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း ဂါနာလက်ဝှေ့သမား အက်ဘီကိုသည် အသက်အရွယ်အရ လက်ဝှေ့လောကမှ အနားယူသင့်သည့် အချိန်ရောက်ပြီဖြစ်သည့်အတွက် လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အက်ဘီကိုသည် လက်ဝှေ့လောကတွင် ကျင်လည်ခဲ့သည့် ကာလတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၄၃ ပွဲ ထိုးသတ်ခဲ့ပြီး နိုင်ပွဲ ၃၈ ပွဲနှင့် ရှုံးပွဲ ငါးပွဲသာရှိခဲ့ရာ IBF အပြင် IBO နှင့် WBC ဘင်တန်ဝိတ်တန်းတို့၏ ကမ္ဘာ့ချန်ပီယံအဖြစ်လည်း ရပ်တည်ခဲ့ဖူးသူဖြစ်ပြီး ဂါနာလက်ဝှေ့လောက၏ အအောင်မြင်ဆုံးသော လက်ဝှေ့သမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခံထားရသူဖြစ်သည်။

ထို့ပြင် အက်ဘီကိုအနေဖြင့် လက်ဝှေ့လောကမှ အနားယူကြောင်း ထုတ်ပြန်ကြေညာမှုမပြုလုပ်မီ နောက်ဆုံးစိန်ခေါ်ပွဲထိုးသတ်မှုမှာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကဖြစ်သည့်အတွက် စိန်ခေါ်ပွဲ မထိုးသတ်ဖြစ်သည်မှာ သုံးနှစ်ကျော် ကြာမြင့်နေပြီဖြစ်သည်။

အက်ဘီကိုက "လက်ဝှေ့လောကကနေ အနားယူဖို့ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိန်ခေါ်ပွဲမထိုးသတ်တာ ကြာနေပြီဖြစ်လို့ တချို့က ကျွန်တော် အနားယူသွားပြီလို့ မှတ်ချက်ပြုနေကြတာကြားပါပြီ။ လက်ဝှေ့လောကကနေ အနားယူတယ်ဆိုတာ တစ်စုံတစ်ယောက်က ဆုံးဖြတ်ပေးရတဲ့ကိစ္စမဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်ဆုံးဖြတ်ရတဲ့ကိစ္စဖြစ်ပါတယ်။ နောက်တစ်ချက်က လေ့ကျင့်မှုတွေပြုလုပ်တဲ့ Sparring ယှဉ်တဲ့အခါ လက်သီးထိုးချက်တွေကြောင့် နာကျင်မှုဝေဒနာကို ခံစားနေရပြီဆိုရင် ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါပြီ။ ခန္ဓာကိုယ်က သတိထားဖို့ အချက်ပြနေခြင်းဖြစ်ပါတယ်။ အခု ကျွန်တော် အဲ့လိုခံစားချက်ကို ခံစားနေရလို့ ပြန်လည်ဆန်းစစ်ပြီး အနားယူဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကစားခဲ့ရာ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA



# ပါကစ္စတန်အတွက် သက်ရောက်မှုများဖြစ်စေသည့် အိန္ဒိယ၏ ဒုံးခွင်းဒုံးအစီအစဉ်များ

အိန္ဒိယနိုင်ငံသည် မကြာသေးမီက ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေး(BMD) စမ်းသပ်မှုများကို ဖြတ်ကျော်ခဲ့ပြီး ၎င်းကာကွယ်ရေးစနစ်ကို တီထွင်ခြင်းနှင့် တပ်ဖြန့်ခြင်းဆောင်ရွက်ရာတွင် အဆင့်မြင့်အဆင့်တွင်ရှိနေသည်ကို ညွှန်ပြလျက်ရှိနေသည်။ ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်တွင် အိန္ဒိယနိုင်ငံသည် ၎င်း၏ BMD စနစ်၏ဒုတိယအဆင့်ကို အကွာအဝေး ၅၀၀၀ ကီလိုမီတာဖြင့် စမ်းသပ်ခဲ့သည်။ ထို့နောက်တွင် အိန္ဒိယနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ရုရှားမှ ရယူခဲ့သော ၎င်း၏ S-400 စနစ်ကိုလည်း စမ်းသပ်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် အလွှာနှစ်ခုပါရှိသည့် BMD စနစ်ကို တီထွင်နေသည်မှာ နှစ်အတန်ကြာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ BMD စနစ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်ဖက်၌လည်း ပါကစ္စတန်နိုင်ငံအတွက် မဟာဗျူဟာမြောက် သက်ရောက်မှုများ ဖြစ်ပေါ်လာသည်။

**အိန္ဒိယ၏ဒုံးပျံကာကွယ်ရေးစနစ်**

အိန္ဒိယနိုင်ငံတွင် ပရစ်သီဗီလေကြောင်းရန်ကာကွယ်ရေး(PAD)နှင့် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေး(AAD)တို့ပါဝင်သော BMD စနစ် အလွှာနှစ်လွှာရှိသည်။ ပထမအလွှာသည် ဝေဟင်အမြင့်ပိုင်း၊ သို့မဟုတ် လေထုနောက်ဆုံးအလွှာတွင် ကြားဖြတ်ဖျက်ဆီးခြင်းအတွက်ရည်ရွယ်ပြီး ဒုတိယတစ်ခုသည် ဝေဟင်အလယ်ပိုင်းကြားဖြတ်ဟန့်တားခြင်းအတွက်ဖြစ်သည်။ PAD သည် ဝေဟင်အလယ်ပိုင်းကြားဖြတ်ရန်အတွက်ဖြစ်ပြီး AAD သည် အမြင့်ဆုံးအဆင့်တွင် ဒုံးကျည်များကို ကြားဖြတ်ရန်ရည်ရွယ်သည်။ ၎င်းသည် ကီလိုမီတာ ၂၀၀၀ အကွာအဝေးထိရှိသော ဒုံးကျည်များကို ကြားဖြတ်ဟန့်တားရန်ရည်ရွယ်သည့် အိန္ဒိယ BMD ဖွံ့ဖြိုးတိုးတက်မှုအဆင့်(၁)ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(DRDO)ဥက္ကဋ္ဌ ဗီကေဆာရာဝပ်တ်က ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးဒိုင်းသည် ယခုအချိန်တွင် တိုးတက်ကောင်းမွန်လာပြီး အဆင့်(၁)နေရာတွင်ရောက်ရှိကာ ၎င်းသည် မြို့နှစ်မြို့ကိုကာကွယ်ရန် အသင့်ဖြစ်နေပြီဟုဆိုခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ BMD အစီအစဉ်အဆင့်(၂)၏ တစ်စိတ်တစ်ပိုင်း အဖြစ် AD-1 နှင့် AD-2 ကြားဖြတ်စနစ်များကို တီထွင်လျက်ရှိသည်။ ၎င်းတို့သည် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များ(IRBM)နှင့် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်များ(ICBM)ကို ကာကွယ်ရန် ရည်ရွယ်ထားပါသည်။

**AD-1**

၂၀၂၄ခုနှစ် ဇွန်၂၄ရက်တွင် စမ်းသပ်ခဲ့သည့် AD-1 ဒုံးကျည်သည် အိန္ဒိယ BMD အဆင့်(၂)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဆိုပါစမ်းသပ်မှုတွင် ရန်လိုသော ပဲ့ထိန်းဒုံးကျည်တစ်စင်း ထောက်လှမ်းကြားဖြတ်နိုင်သည့် ဒုံးကျည်တစ်စင်းပါဝင်ခဲ့သည်။ AD-1 သည် ကီလိုမီတာ ၅၀၀၀ အကွာအဝေးရှိ ဒုံးကျည်များကို ကြားဖြတ်နိုင်သည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာနက်ဆင်း က DRDO စမ်းသပ်အောင်မြင်မှုအတွက် ချီးကျူးဂုဏ်ပြုခဲ့ပြီး အိန္ဒိယ၏ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစွမ်းရည်ကို တစ်ဖန်ပြသလိုက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

စမ်းသပ်မှုနှင့်အတူ ပူးတွဲသတင်းထုတ်ပြန်ချက်တွင် ၎င်းသည် တာဝေးအာရုံခံကိရိယာများ၊ အချိန်တိုအတွင်း ဆက်သွယ်ရေးစနစ်၊ ဒုံးကျည်ထိန်းချုပ်ရေးစင်တာညနှင့် အဆင့်မြင့် ဒုံးခွင်းဒုံးကျည်များပါဝင်သည့် ကွန်ရက်ဗဟိုပြုစစ်ဆင်ရေးလက်နက်စနစ်ကို သက်သေပြထားသည့် စမ်းသပ်မှုရည်ရွယ်ချက်အားလုံးကို အပြည့်အဝပြည့်မီစေသည်ဟု အခိုင်အမာဆိုထားသည်။ ဤစမ်းသပ်မှုသည် AD-1 ၏ဒုတိယမြောက် စမ်းသပ်မှုဖြစ်ပြီး ပထမဆုံးစမ်းသပ်မှုကို၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သည်။ အဆိုပါစမ်းသပ်မှုသည် AD-1 ကြားဖြတ်စနစ်၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန်နှင့် ၎င်း၏စွမ်းဆောင်ရည်ကို စမ်းသပ်ရန်အတွက် အိန္ဒိယနိုင်ငံအား အချက်အလက်များ စုဆောင်းနိုင်စေမည်ဖြစ်သည်။ Indian BMD ၏ အဆင့်(၁)နှင့် အဆင့်(၂) နှစ်ခုစလုံးသည် ပစ်မှတ်ခြေရာခံခြင်းအတွက် အစ္စရေးထုတ် Green Pine ရေဒါမှ ပြောင်းလဲထားသော Swordfish ရေဒါကိုအသုံးပြုထားသည်။ Swordfish ရေဒါအတွက် ထောက်လှမ်းနိုင်သော အကွာအဝေးမှာ ကီလိုမီတာ ၁၅၀၀ ဖြစ်သည်။



**S-400လေကြောင်းရန်နှင့်ဒုံးပျံကာကွယ်ရေးစနစ်**

မကြာသေးမီက အိန္ဒိယနိုင်ငံလေတပ်သည် ရုရှားနိုင်ငံမှ S-400 မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ကိုစမ်းသပ်ရန် စစ်ရေးလေ့ကျင့်မှုတစ်ခုပြုလုပ်ခဲ့သည်။ ဤစနစ်သည် ရန်သူ့တိုက်လေယာဉ်များ၏ ၈၀ ရာခိုင်နှုန်းကို ပစ်ချနိုင်စွမ်းရှိသည်။ ရုရှားထုတ် S-400 သည် ကီလိုမီတာ ၄၀၀ အကွာအဝေးထိဖျက်ဆီးနိုင်သည့် အဆင့်မြင့် BMD စနစ်ဖြစ်ပြီး ပစ်မှတ် ၈၀ ကို တစ်ပြိုင်နက်တည်း ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။

အိန္ဒိယနိုင်ငံသည် ရုရှားထုတ် S-400 ပဲ့ထိန်းဒုံးကျည် စနစ်ငါးခုကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံနှင့် ဝယ်ယူရန် ၂၀၁၈ ခုနှစ်တွင် သဘောတူညီမှုပြုလုပ်ခဲ့သည်။ ရုရှားသည် ၎င်းစနစ်ငါးခုမှ သုံးခုကို အိန္ဒိယနိုင်ငံသို့ ပေးပို့ထားပြီး ကျန်စနစ်နှစ်ခုကို ၂၀၂၆ ခုနှစ်အကုန်ပိုင်းတွင် ပေးပို့ရန် စီစဉ်ထားသည်။ မီဒီယာများရှိ သတင်းများအရ လက်ရှိတပ်ဖြန့်ချထားမှုသည် တရုတ်၊ ပါကစ္စတန်နိုင်ငံတို့နှင့် နယ်စပ်အတွက် တစ်ခုစီတပ်စွဲထားကြောင်း သိရသည်။ ထို့ကြောင့် S-400 စနစ်သုံးခုကို မြောက်ပိုင်းနှင့် အရှေ့ပိုင်းကဏ္ဍများတွင် ဖြန့်ထားပြီး ဝေဟင်မှ စစ်ရေးလေ့ကျင့်မှုများလည်း ပြုလုပ်ခဲ့သည်။ S-400 စနစ် ဖြန့်ကြက်မှုသည် အိန္ဒိယနိုင်ငံ၏ ဒုံးကျည်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးသည်။

DRDO သည် အိန္ဒိယနိုင်ငံလေတပ်အတွက် တာဝေးပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်(LRSAM) ကိုတီထွင်ရန် ပရိုဂရမ်တစ်ခုကို စတင်နေပြီဖြစ်သည်။ DRDO သည် ကီလိုမီတာ ၇၀ အကွာအဝေးရှိ ပစ်မှတ်အများအပြားကို ကြားဖြတ်ဟန့်တားနိုင်သည့် အစ္စရေးထုတ် Barak-8 စနစ်၏ ဆင်းသက်လာမှုဖြစ်သည့် တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (MRSAM) ကို တီထွင်ထုတ်လုပ်ထားပြီးဖြစ်သည်။

**ပါကစ္စတန်အတွက် သက်ရောက်မှု**

အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ၎င်း၏ဒုံးကျည်ကာကွယ်ရေးစနစ်များဖြန့်ကြက်မှုသည် တောင်အာရှအတွက် မတည်မငြိမ်ဖြစ်ပြီး ပါကစ္စတန်၏ နျူကလီးယားအဟန့်အတားကိုထိခိုက်စေနိုင်သည်။ ပါကစ္စတန်နှင့်တရုတ်နယ်စပ်တစ်လျှောက်တွင် အဆင့်(၁)စနစ်တပ်ထားပြီး S-400 သည် ပါကစ္စတန်ပိုင်နက်အတွင်း ကီလိုမီတာ ၆၀၀ အကွာအဝေးရှိ အရာဝတ္ထုများကို ထောက်လှမ်းနိုင်မည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံသည် တာဝေးထောက်လှမ်းနိုင်သည့် ပိုမိုခေတ်မီဆန်းပြားသော ရေဒါများကို တီထွင်ထုတ်လုပ်လျက်ရှိသည်။ သီအိုရီအရပါကစ္စတန်၏ Hatf၊ Ghauriနှင့် Shaheenဒုံးကျည်များကို တန်ပြန်နိုင်မည်ဖြစ်သည်။ အဆင့်(၁)သည် ပြီးပြည့်စုံပြီး မြို့တော် နယူးဒေလီတစ်ဝိုက်တွင် ဖြန့်ကြက်ထားပြီးဖြစ်ပြီး အဆင့်(၂)ကိုတည်ဆောက်ဆဲဖြစ်သည်။ S-400 ကို ပါကစ္စတန်နှင့် တရုတ်နယ်စပ်တစ်လျှောက် တပ်ဖြန့်ထားပြီးဖြစ်သည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နျူကလီးယားတပ်ဖွဲ့များ၏ ထိရောက်မှုကိုလျှော့ပါးစေရန် ၎င်း၏ပြည်တွင်းထုတ်နှင့် ပြည်ပမှ ဝယ်ယူရရှိထားသောစနစ်များ ရောနှောအသုံးပြုနိုင်သည်။ အိန္ဒိယနိုင်ငံ BMD ၏ နယ်ပယ်နှင့် စနစ်များတိုးလာသည်နှင့်အမျှ ၎င်းသည် ပါကစ္စတန်၏ နျူကလီးယားဟန့်တားမှုအပေါ် ကြီးမားသောသက်ရောက်မှုပေါ်ပေါက်နိုင်သည်။

ယခင်က DRDO သည် ၎င်း၏ နှစ်ဆင့် အမြင့်ဆုံးလေထုအလွှာနှင့် အလယ်အလတ်ကြားဖြတ်ဒုံးကျည်များရောနှောထားသော ဖျက်ဆီးနိုင်စွမ်း ၉၉ ဒသမ ၈ ရာခိုင်နှုန်းရှိသည်ဟု ဆိုထားသည်။ သို့သော်လည်း အဆန်းပြားဆုံးသော ဒုံးကျည်ကာကွယ်ရေးစနစ်များပင်လျှင် ထိုကဲ့သို့မြင့်မားသောကြားဖြတ်ဖျက်ဆီးမှုအဆင့်ကို လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ မည်သည့် BMD စနစ်မျှ ရာနှုန်းပြည့်ထိရောက်မှုမရှိသကဲ့သို့ ၎င်းတို့ကိုအနိုင်ယူရန် တန်ပြန်သည့် လုပ်ဆောင်မှုအများအပြားလည်းရှိသည်။ အိန္ဒိယနိုင်ငံ၏ BMD သည် ၎င်း၏နယ်မြေတစ်စိတ်တစ်ပိုင်းကိုသာ အကာအကွယ်ပေးထားသည့် အကန့်အသတ်ဖြင့် အကာအကွယ်ကိုပေးစွမ်းနိုင်သော်လည်း ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုသည် လုံခြုံရေးအတွက် လွဲမှားသောခံစားချက်ကိုလှုံ့ဆော်ပေးနိုင်သည်။ BMD ကို လက်ဝယ်ပိုင်ဆိုင်ခြင်းသည် အိန္ဒိယနိုင်ငံ၏ ထိရောက်သောဖြေရှင်းမှုကို တိုးမြင့်စေသည်ဟု စောဒကတက်နိုင်ပါသည်။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ကြား မည်သည့် ပဋိပက္ခဖြစ်လျှင်ဖြစ်စေ၊ နျူကလီယား အပြန်အလှန်ပစ်ခတ်မှုဖြစ်လျှင်ဖြစ်စေ BMD က အိန္ဒိယနိုင်ငံကို အကာအကွယ်ပေးလိမ့်မည်ဟုဆိုပါသည်။

အိန္ဒိယနိုင်ငံ၏ BMD ကို ပြင်းပြင်းထန်ထန်လိုက်စားမှုသည် အသံထက်မြန်သောဒုံးကျည်များ တိုးတက်ဖြစ်ထွန်းမှု၊ သမားရိုးကျနှင့် နျူကလီးယားလက်နက်တည်ဆောက်မှု၊ ၎င်း၏ စစ်ရေးဆိုင်ရာ အာကာသအစီအစဉ်နှင့် သဘောထားတင်းမာသည့် အယူဝါဒတို့ ပေါင်းစပ်လိုက်သောအခါ ပြဿနာပိုမိုဖြစ်လာစေပါသည်။ ဤစွမ်းရည်များအားလုံးသည် အိန္ဒိယနိုင်ငံ၏ တန်ပြန်တိုက်ခိုက်ရန် လုပ်ဆောင်မှု၊ သို့မဟုတ် ပါကစ္စတန်နိုင်ငံကို တန်ပြန်ရန် ကြိုတင်ကာကွယ်မှုဆိုင်ရာ မဟာဗျူဟာနှင့် ကိုက်ညီစေပြီး ၎င်းတို့သည် အိန္ဒိယနိုင်ငံ၏ တိကျသောတိုက်ခိုက်မှုစွမ်းရည်ကို အားကောင်းစေပါသည်။

အိန္ဒိယနိုင်ငံ၏ BMD ကို တန်ပြန်ရန်အတွက် ပါကစ္စတန်နိုင်ငံသည် ၎င်း၏နျူကလီးယားနှင့် ဒုံးကျည်တပ်ဖွဲ့များကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်သည်။ ပါကစ္စတန်နိုင်ငံသည် မတူကွဲပြားသောပစ်လွှတ်စနစ်များ လုပ်ဆောင်နိုင်သည်။ ပါကစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ BMD စနစ်များကိုထိုးဖောက်ရန် အရည်အသွေးကောင်းသော နည်းပညာများကို ရွေးချယ်နိုင်သည့်အပြင် ၎င်းတို့၏ ကြားဖြတ်စနစ်ကို ဖုံးကွယ်ရန်လည်းရွေးချယ်နိုင်သည်။ အမှန်တကယ်တွင် ပါကစ္စတန်နိုင်ငံ၌ မတူကွဲပြားသည့် ဒုံးကျည်စနစ်များရှိနေပြီဖြစ်သည်။ ၎င်းသည် Babar ခရုဇ်ဒုံးကျည်များနှင့် AbabeelMIRV ကဲ့သို့သော ထိပ်ဖူးစုံတပ်ဒုံးများထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ ပါကစ္စတန်နိုင်ငံသည် ၎င်း၏နျူကလီးယားစွမ်းအား၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို တိုးမြင့်လာစေရန်အတွက် ရွေ့လျားနိုင်မှု၊ ဖြန့်ခွဲမှုနှင့် ဖုံးကွယ်မှုကဲ့သို့သောဗျူဟာများကို ရှာဖွေနိုင်သည်။

ခြုံ၍ဆိုရသော် အိန္ဒိယနိုင်ငံ၏ BMD အဆင့်(၁)သည် တိုးတက်နေချိန်တွင် ၎င်း၏ အပြည့်အဝဖြန့်ကြက်မှုသည် ၁၀ နှစ်ခန့် အလှမ်းကွာဖွယ်ရှိသည်။ အကွာအဝေးကီလိုမီတာ ၅၀၀၀ ကျော်ရောက်ရှိသော အိန္ဒိယနိုင်ငံ၏ BMD ကိုစတင်လည်ပတ်နိုင်သည်နှင့် တစ်ပြိုင်နက် တရုတ်ဒေသတွင်းနိုင်ငံများနှင့် အခြားနိုင်ငံများအတွက် ခြိမ်းခြောက်မှုဖြစ်လာမည်ဖြစ်သည်။ BMD စနစ်ကို အိန္ဒိယနိုင်ငံက အင်တိုက်အားတိုက် အကောင်အထည်ဖော်မှုသည် ဒေသတွင်း နျူကလီးယားဟန့်တားမှုမျှခြေအပေါ် ခြိမ်းခြောက်မှုကြီးထွားလာစေသည်။ ဟန့်တားခြင်း၏ အခြေခံအချက်မှာ လက်တုံ့ပြန်ရန် အပြန်အလှန်အားနည်းချက်ဖြစ်သည်။ ၎င်းက ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားဟန့်တားမှုကို ပျက်ပြားစေသည်။ ၎င်းတို့၏ ကန့်သတ်ချက်များရှိသော်လည်း ဒုံးကျည်ကာကွယ်ရေးစနစ်များသည် အိန္ဒိယခေါင်းဆောင်မှုအတွက် မှားယွင်းသော လုံခြုံမှုအယူအဆကို ဖန်တီးပေးနိုင်ပြီးမတည်မငြိမ်ဖြစ်စေရန်နှင့် ကြိုတင်လက်ဦးမှုရယူရေးနှင့် စွန့်စားမှုတို့ကိုအားပေးစေသည်။ ဤသို့ဖြင့် လက်နက်ပြိုင်ဆိုင်မှုကိုအားပေးပြီး တောင်အာရှကို ပို၍ မတည်မငြိမ်ဖြစ်စေနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

– India's Pursuit of Missile Shield: Challenges And Implications For Pakistan, Indian DefenceNews, August 2024

**နေရှား(သုတေသန)**

## သရုပ်ဆောင် အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်က မွေးနေ့အလှူအဖြစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်း



ရန်ကုန် ဩဂုတ် ၁၄

ဝါရင့်သရုပ်ဆောင် အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်က အသက် ၉၀ ပြည့် မွေးနေ့အလှူအဖြစ် ဩဂုတ် ၁၃ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ အလှူသည် ဩဂုတ် ၁၃ ရက်တွင် ကျရောက်သည့် ဝါရင့်သရုပ်ဆောင် အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်၏ အသက် ၉၀ ပြည့်မွေးနေ့ အထိမ်းအမှတ် အလှူဖြစ်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ၆၇ ကြိမ်မြောက် အဖြစ် ကျင်းပပြုလုပ်မည့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ရည်ရွယ်လှူဒါန်းကြောင်း သိရသည်။

"အစ်မကြီး အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကျင်းပမဲ့ ၆၇ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းသွားပါတယ်။ အသက် ၉၀ ပြည့်မွေးနေ့ အလှူဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

သရုပ်ဆောင် အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်သည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ငါးဆု ဆွတ်ခူးထားသည့် ရုပ်ရှင်အနုပညာရှင်တစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွက် ရုပ်ရှင် တစ်သက်တာဆုကိုလည်း ဆွတ်ခူးထားသူဖြစ်ကာ စည်သူဘွဲ့ကိုလည်း ရရှိထားသူဖြစ်ကြောင်း ဦးအေးကြူလေးက ဆက်လက် ပြောပြ၍ သိရသည်။

ASH

## The Accountant-2 ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရုံတင်ရန်စီစဉ်ထား

နယူးယောက် ဩဂုတ် ၁၄

The Accountant-2 လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၂၅ ရက်တွင် ရုံတင်ပြသရန် Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

The Accountant-2 ဇာတ်ကားသည် Accountant(2016) ဇာတ်ကား၏နောက်ဆက်တွဲဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Accountant-2 ဇာတ်ကားကို ဒါရိုက်တာ ဂါဗင်အိုကွန်နာက ရိုက်ကူးပေးမည်ဖြစ်ပြီး မင်းသား ဘင်အက်ဖလက် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသား ဘင်အက်ဖလက်သည် မူလ Accountant(2016) တွင်လည်း အဓိကဇာတ်ကောင်လူသတ်သမားအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။

The Accountant-2 တွင် မင်းသား ဘင်အက်ဖလက်သည် မူလ Accountant ဇာတ်ကားမှ ကျန်သရုပ်ဆောင်အများစုလည်း ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

လက်ရှိအချိန်တွင် The Accountant-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို Amazon MGM စတူဒီယိုက ပြုလုပ်ခဲ့မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO




## ရည်မွန်အောင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ပဝါပါးပါး သနပ်ခါး ဇာတ်လမ်းတွဲ ဩဂုတ်လအတွင်း ရိုက်ကူးမည်

ရန်ကုန် ဩဂုတ် ၁၄

ရည်မွန်အောင် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ပဝါပါးပါး သနပ်ခါး ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ်လအတွင်း စတင် ရိုက်ကူးမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည့်သရုပ်ဆောင်ထူးအောင်က ပြောပြ၍ သိရသည်။

ပဝါပါးပါး သနပ်ခါး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်က ရေးသားထားပြီး ရည်မွန်အောင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ သိုးဆောင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ဒရာမာသန့်သန့်လေးပါပဲ။ ကိုယ့်ပတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့ ဖြစ်ရပ်မှန် ဘဝတွေကို သရုပ်ဖော်ထားတဲ့ဘဝသရုပ်ဖော်ဇာတ်လမ်းတွဲလေးပါ။ ဒီဇာတ်လမ်းတွဲက ရိုက်ကူးပြီးသွားရင် Fortune TV ကနေ ထုတ်လွှင့်ပြသပေးသွားမှာပါ"ဟု သရုပ်ဆောင် ထူးအောင်က ပြောပြသည်။



ပဝါပါးပါး သနပ်ခါး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထူးအောင်၊ ထူးသာ၊ ဖွဲ့နေမင်းလင်း၊ ပိုင်ကြီး မေဂရေစ့်၊ သံစဉ်မောင်၊ ပြည့်ကောင်းစုသန့်၊ မယ်တင်၊ မြင့်မြင့်ခိုင်၊ သာသာနှင့် အခြားအနုပညာရှင်များ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဩဂုတ် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေး မဟာသိမ်တော်ကြီးဘုရားတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ASH

## They Will Kill You ဇာတ်ကားတွင် မင်းသမီး မီသာဂရေဟမ် ပါဝင်မည်

နယူးယောက် ဩဂုတ် ၁၄

Nocturna Pictures ရုပ်ရှင်ကုမ္ပဏီ၏ They Will Kill You အမည်ရှိရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသမီး မီသာဂရေဟမ်ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၃ ရက် သတင်းများအရ သိရသည်။

ထိတ်လန့်သည်းဖိုဇာတ်ကားအမျိုးအစားဖြစ်သည့် They Will Kill You ဇာတ်ကားတွင် မီသာဂရေဟမ်သည် မင်းသမီး ဇာဇီဘိနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Will Kill You ဇာတ်ကားတွင် ထူးထူးဆန်းဆန်း လူပျောက်ဆုံးမှုများဖြစ်ပွားခဲ့သည့် နယူးယောက် အထပ်မြင့်အဆောက်အအုံတစ်ခု၌ အလုပ်လုပ်နေသည့် အမျိုးသမီးတစ်ဦး ရင်ဆိုင်ခဲ့ရသော ထိတ်လန့်သည်းဖိုဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Will Kill You ဇာတ်ကား၌ မင်းသမီး မီသာဂရေဟမ်ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း၊ အဆိုပါ ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလတွင် စတင်ရိုက်ကူးရန် Nocturna Pictures ကုမ္ပဏီက ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



## သရုပ်ဆောင် ထူးခန့်ကျော်က ထန်းတပင်မြို့နယ် ဘောလယ်ကျေးရွာရှိ ရေဘေးသင့်ပြည်သူဦးရေ ၁၃၀၀ ကျော်အား ထမင်း၊ ဟင်းနှင့် ဆေးဝါးများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၄

သရုပ်ဆောင် ထူးခန့်ကျော်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဘောလယ်ကျေးရွာရှိ ရေဘေးသင့်ပြည်သူဦးရေ ၁၃၀၀ ကျော်အား ထမင်း၊ ဟင်းနှင့် ဆေးဝါးများကို ဩဂုတ် ၁၃ ရက်က အဆိုပါကျေးရွာသို့ သွားရောက် လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ထူးခန့်ကျော်က ပြောပြ၍ သိရသည်။

သရုပ်ဆောင် ထူးခန့်ကျော်က ထန်းတပင်မြို့နယ် ဘောလယ်ကျေးရွာရှိ ရေဘေးသင့်ပြည်သူဦးရေ ၁၃၀၀ ကျော်အား ထမင်း၊ ကြက်သားအချိုချက် ၁၀၀၊ သီးစုံဟင်း၊ ငါးပိကြော်၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်၊ ဆေးဘူး စုစုပေါင်း ငွေကျပ်သိန်း ၇၀ ကျော် အကုန်အကျခံ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဘောလယ်ကျေးရွာဆိုတာ ထန်းတပင်မြို့နယ်ထဲမှာရှိတာပါ။ လှူတဲ့နေရာမှာလဲ ၃၁ ဘုံမှာ ကျင်လည်ကုန်သူတွေကို ကျေးဇူးဆပ်တဲ့အနေနဲ့ လှူဒါန်းပေးတာ ဖြစ်ပါတယ်။ ကျွန်တော့်ဆီကို လာရောက်ဆေးကုသူတွေ လှူဒါန်းထားတဲ့ ငွေကြေးတွေနဲ့ လှူဒါန်းတာဖြစ်ပါတယ်။ အချို့က ရေကြောင့် ခြေထောက် ခြေဝဲစားတဲ့သူတွေအတွက်လဲ ဆေးတွေပါပါတယ်။ ချောင်းဆိုးပျောက် ဆေးတွေလဲ ပါပါတယ်။ အမျိုးတွေရဲ့အကူအညီတွေနဲ့ အတူတူ အခုလိုမျိုး ရေဘေးသင့် ပြည်သူတွေကို လာရောက်လှူဒါန်းခဲ့တာ ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ထူးခန့်ကျော်က ပြောပြသည်။

ထို့ပြင် သရုပ်ဆောင် ထူးခန့်ကျော်က ဘောလယ်ကျေးရွာမှ ရန်ကုန်တိုင်းဒေသကြီးတွင် လာရောက်ဆေးကုသ ခံယူလိုသည့် လူဦးရေ ၅၀ ကိုလည်း ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ASH

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by member of Politburo of Chinese Communist Party Central Committee Minister of Foreign Affairs H. E. Mr. Wang Yi


Senior General Min Aung Hlaing receives the delegation led by member of Politburo of Chinese Communist Party Central Committee Minister of Foreign Affairs H. E. Mr. Wang Yi.

**Nay Pyi Taw August 14**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by member of Politburo of Chinese Communist Party Central Committee Minister of Foreign Affairs H. E. Mr. Wang Yi at the Credentials Hall of his office here this afternoon.

Present together with the Senior General were Joint SAC Secretary Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affair U Than Swe, Union Minister at SAC Chairman's Office 2 U Ko Ko Hlaing, Deputy Minister for Information Maj-Gen Zaw Min Tun and officials. H. E. Mr. Wang Yi was accompanied by H.E. Ms. Ma Jia, whose appointment as Ambassador of the People's Republic of China to Myanmar has been agreed on, Vice Minister of Foreign Affairs Mr. Sun Weidong, Special Envoy for Asian Affairs Mr. Deng Xijun and members of the delegation.

In his greetings, Senior General Min Aung Hlaing said China and Myanmar are neighbours and also good old friends. Since the past, the two countries have established a community through thick and thin in accord with the five principles of peaceful co-existence. The current meeting will further enhance bilateral friendship and cooperation.

H. E. Mr. Wang Yi said Myanmar is a good neighbour and a good old friend of China. China strongly supports the perpetuation of Myanmar's independence and sovereignty. The country also welcomes and supports Myanmar's implementation of its five-point roadmap for national peace, stability and progress and preparations to hold a free and fair multiparty democracy general election. China pays serious attention to its cooperation with Myanmar for the latter's peace and stability. China opposes EAOs' attacks against towns and villages in Shan State (North).

Afterwards, views on friendship and cooperation between the two countries, defence cooperation, internal peace in Myanmar, peace and stability in border areas, ongoing cooperative undertakings of the two countries to eliminate online gambling, online frauds, other types of financial frauds and illegal businesses, and progress in the preparations for holding a free and fair multiparty democracy general election were cordially exchanged.

After the meeting, Senior General Min Aung Hlaing and H. E. Mr. Wang Yi exchanged commemorative gifts. 100


Senior General Min Aung Hlaing shakes hands with H. E. Mr. Wang Yi.

# ChaungU Township finishes cultivation of more than 6,000 acres of oil crops

**ChaungU August 14**

A total of 6,180 acres of oil crops have been planted as monsoon crops in ChaungU Township of Sagaing Region, according to the ChaungU Township Agriculture Department.

Local farmers planted 6,180 acres of oil crops starting from May this year, against the target of 13,328 acres.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department clarified: "Local authorities planned to grow more than 10,000 acres of oil crops this monsoon but local farmers have grown more than 6,000 acres of oil crops against the target. They are striving for meeting the target cultivation. Oil crops are thriving in the croplands."

This year, ChaungU Township planted 5,320 acres of groundnut, 650 acres of sesame and 210 acres of sunflower, totalling 6,180 acres.

In 2024-25 season, the township earmarked 9,500 acres of groundnut, 3,600 acres of sesame and 228 acres of sunflower, totalling 13,328 acres.

Staff of Township Agriculture Department urged local farmers to expand sown acreage of oil crops, use GAP system and quality strains of crops to boost per acre yield of crops.

Agricultural staff help local farmers by inspecting croplands for prevention of pests and weeding croplands. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar, China hold bilateral talks



Myanmar delegation led by Senior General Min Aung Hlaing holds talks with the Chinese delegation led by H.E. Mr. Wang Yi.

**Nay Pyi Taw August 14**

The Myanmar-China bilateral talks took place at the parlour of the Credentials Hall of the Office of the State Administration Council Chairman in Nay Pyi Taw this afternoon.

Present at the talks together with Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister for the Office of the Chairman of the State Administration Council Ministry-2 U Ko Ko Hlaing, Deputy Minister for Information Maj-Gen Zaw Min Tun and officials. H.E. Mr. Wang Yi, Member of the Political Bureau of the CPC Central Committee and Minister of Foreign Affairs of the People's Republic of the China was accompanied by Ambassador-designate of the People's Republic of China to Myanmar H.E. Ms. Ma Jia, Vice Minister of Foreign Affairs Mr. Sun Weidong, Special Envoy for the Asian Affairs Mr. Deng Xijun and delegation members.

At the talks, those from the Myanmar side discussed good neighbouring and good friends as well as the long-lasting and strengthening relation history between Myanmar and China, a situation to turn the 75th anniversary (Diamond Jubilee) diplomatic relations in 2025, firm standing of Myanmar as a perpetual and full of trust country for China, emphasizing restoration of peace and stability as both countries have initiated the five-point principles of the peaceful co-existence, endeavours of the State Administration Council to forge peace and stability of the State and carry out building of the nation for development in accord with the constitution, participation of Myanmar in ASEAN and its undertakings in line with the ASEAN Charter, making necessary preparations to successfully hold a free and fair multiparty democratic general election as the ultimate aim of the State Administration Council, plans to enumerate the population and household census in October this year to have the correct and accurate voter lists, arrangements for all parties to freely take part in the election under the Political Parties Registration Law, efforts being made to ensure a free and fair multiparty democratic general election, and promotion of further economic cooperation between the two countries.

In discussions, those in the Chinese side said that China is always supporting for ensuring peace and stability and development of Myanmar. China values the steadfast support and standing of Myanmar for the One China Policy. And, China is always standing for Myanmar in the international arena. Necessary technological assistance will be provided for Myanmar to conduct the census-taking process. Moreover, necessary aid will be given for the election. China called for Myanmar to hold an all-inclusive election.

The Myanmar side talked about that Myanmar does not totally accept any actions harming interests of China through Myanmar. Myanmar is paying a special emphasis on peace and stability, development and security measures of China.

In its response, the Chinese side said that China will help overall sectors including trade, agriculture and livestock breeding sectors for development of Myanmar, with a firm plan to initiate an economic cooperation. China supports unity of all ASEAN countries and existence of Myanmar as an ASEAN member State. Current meeting and discussions are firmly believed to beef up friendly relations and cooperation between the two countries, and China pledges to be a perpetual friendship country for Myanmar.

100

# More than 3,000 acres of pulses and beans planted in Kalay Twnship

**Kalay August 14**

Statistics of Kalay Township Agriculture Department showed that a total of 3,636 acres of pulses and beans has been cultivated in Kalay Township of Sagaing Region this monsoon.

The township earmarked 3,691 acres of pulses and beans this monsoon but local farmers have planted 3,636 acres of beans against the target cultivation.

U Naing Tun Win, Head of Kalay Township Agriculture Department explained: "Farmers have planted 3,636 acres of pulses and beans against the target of 3,691 acres this monsoon. They are trying hard to meet the target cultivation. Our department raised farmer awareness to expand sown acreage of bean and urged them to use quality strains of crops to boost per-acre yield of crops."

In Kalay Township, local farmers planted 2,215 acres of green gram, 23 acres of soya bean, 1,097 acres of pigeon pea and 301 acres of rice bean, totalling 3,636 acres.

With regard to earmarked plans, the township set an arrangement to grow 2,222 acres of green gram, 27 acres of soya bean, 1,097 acres of pigeon pea and 345 acres of rice bean, totalling 3,691 acres.

This year, agricultural staff cooperate with local farmers in using quality strains of beans, agricultural inputs and post-harvest technology to minimize loss and waste of crops this monsoon.

206

# Palestinian death toll in Gaza nears 40,000: health authorities

**Gaza August 14**

The Palestinian death toll from ongoing Israeli attacks on the Gaza Strip has risen to nearly 40,000, the Gaza-based health authorities said in a statement on Wednesday.

During the past 24 hours, the Israeli military killed 36 people and wounded 54 others, bringing the total death toll to 39,965 and injuries to 92,294 since the Palestinian-Israeli conflict broke out in early October 2023, according to the statement.

There are still many victims under the rubble and on the roads, with rescue crews unable to reach them, it added.

Meanwhile, seven people were killed on Wednesday by the Israeli bombing of a house in the Nuseirat camp in the central Gaza Strip, while four people were killed after the Israeli army bombed a residential apartment in the city of Khan Younis, the Palestinian official news agency WAFA reported.

The Israel Defense Forces (IDF) said in a statement on Wednesday that IDF troops continued operations in southern and central Gaza. Over the past day, the Israeli Air Force struck over 40 "terror" infrastructure sites throughout the Gaza Strip.

About 625,000 children, including 300,000 UNRWA students, have lost one year of school, Philippe Lazzarini, commissioner-general of the United Nations Relief and Works Agency for Palestine Refugees in the Near East (UNRWA), said on social media platform X on Wednesday.

Xinhua

# Earth sees warmest-ever July, 14th consecutive record-breaking month

**Los Angeles August 14**

Last month was Earth's warmest July on record, extending the streak of record-high monthly global temperatures to 14 successive months, according to a new report released by the U.S. National Oceanic and Atmospheric Administration (NOAA).

In the monthly report released on Monday, scientists from NOAA's National Centers for Environmental Information pointed out that the average July global surface temperature was 1.21 degrees Celsius above the 20th-century average of 15.8 degrees Celsius. It's the warmest July in NOAA's 175-year global record.

Last month's temperatures were above average across much of the global land surface except for Alaska, southern South America, eastern Russia, Australia and western Antarctica, said the report, adding that Africa, Asia and Europe had their warmest Julys on record, while North America saw its second-warmest July.

The report found the global ocean temperature in July was the second warmest on record, ending a streak of 15 consecutive months of record-high temperatures.

The report also showed that the year-to-date global surface temperature was 1.28 degrees Celsius above the 20th-century average, making it the warmest year-to-date global surface temperature on record.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်နိုင်ငံက Desert Hawk 3 ဒရုန်းနေရာ၌အစားထိုးရန် အသေးစားကင်းထောက်ဒရုန်းများစမ်းသပ်



ဗြိတိန်စစ်ဘက်သည် ယခုနှစ်ကုန်၌ စစ်ဆင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Desert Hawk 3 ဒရုန်းနေရာ၌ အစားထိုးအသုံးပြုရန် အသေးစားကင်းထောက်ဒရုန်းများကို စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီထုတ်ဒရုန်းကို လွှဲပြောင်းလက်ခံရေးတစ်စိတ်တစ်ပိုင်းအနေဖြင့် Cornwall ဒေသ၊ Predannack တော်ဝင်ရေတပ်၏ လေကြောင်းဌာနတွင် ဆိုးရွားသောရာသီဥတုအခြေအနေများအောက်၌ စမ်းသပ်မှုများ အပြင်းအထန်ပြုလုပ်ခဲ့ကြရာ ကင်းထောက်ဒရုန်းဖြစ်သည့် Stalker VXE30 သည် နာရီပေါင်း ၂၀ ကျော်ကြာပျံသန်းမောင်းနှင်နိုင်ခဲ့ကြောင်း သိရသည်။

Tiquila ဝယ်ယူရေးစီမံကိန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် Reiver စီးရီးသည် အရေးကြီးသော စမ်းသပ်အကဲဖြတ်မှုများ ပြုလုပ်နေခြင်းများထဲမှ နောက်ဆုံးအကြိမ် ဆောင်ရွက်နေခြင်းလည်းဖြစ်သည်ဟု ဗြိတိန်နိုင်ငံ၏ ကာကွယ်ရေး ပစ္စည်းထောက်ပံ့ပေးရေးအဖွဲ့ကြီးမှ အကြီးအကဲ Hannah Haggett က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်စစ်ဘက်အနေဖြင့် ယခုအချိန်မျိုး၌ ခေတ်မီစစ်ရေးစွမ်းရည်များကို ပိုင်ဆိုင်ထားသော်လည်း စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲလာလျက်ရှိသည့် ခေတ်သစ်စစ်ပွဲများ၏ခြိမ်းခြောက်မှုများကို တန်ပြန်ကာကွယ်တိုက်ဖျက်နိုင်ရေးအတွက် စစ်လက်နက်ပစ္စည်းကိရိယာများ ပိုမိုတီထွင်ထုတ်လုပ်ရန် လိုအပ်လျက်ရှိသည်။

အဆိုပါ အသေးစားကင်းထောက်ဒရုန်းများသည် ဗြိတိန်နိုင်ငံအနေဖြင့် မျှော်မှန်းထားသည့် စွမ်းဆောင်ရည်များဖြင့် ပြည့်စုံပြီး အရည်အသွေးမြင့်မားကောင်းမွန်ကြောင်း သိရသည်။

Stalker ကင်းထောက်ဒရုန်းသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနမှ ယူရို ၁၂၈ သန်းဖိုးဝယ်ယူခဲ့သည့် အသေးစားကင်းထောက် ဒရုန်းအမျိုးအစား နှစ်မျိုးထဲမှ တစ်ခုဖြစ်သည်။ ထို့ပြင် Tiquila ဝယ်ယူရေးစီမံကိန်းတွင် ဗြိတိန်စစ်ဘက်၏ Desert Hawk 3 အသေးစားဒရုန်းများနေရာ၌ အစားထိုးရန်အတွက် ပန်ကာတပ် Indago 4 ဒရုန်း ၁၅၉ စင်းနှင့်တောင်ပံပုံသေတပ် Stalkers ဒရုန်း ၁၀၅ စင်း ပါဝင်သည်။

အဆိုပါ ကင်းထောက်ဒရုန်းများသည် ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် ပစ်မှတ်များကို တိကျစွာရှာဖွေ၊ ထောက်လှမ်း၊ ခြေရာခံဖော်ထုတ်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Stalker ဒရုန်းသည် ကီလိုဂရမ် ၂၀ အလေးချိန်ရှိပြီး ဒေါင်လိုက်အတက်အဆင်း ပျံသန်းနိုင်သည်။ ထို့ပြင် တောင်ပံအလျား ၄ ဒသမ ၈၈ မီတာ ရှည်လျားပြီး တစ်နာရီလျှင် မိုင် ၆၀ အလျင်နှုန်းဖြင့် လေထဲတွင် တစ်ဆက်တစ်စပ်တည်း စုစုပေါင်း ရှစ်နာရီကြာ ပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

အရွယ်အစား အလွန်သေးငယ်သည့် Indago 4 ဒရုန်းသည် အလေးချိန် ၂ ဒသမ ၂၇ ကီလိုဂရမ်သာရှိပြီး တစ်ကိုယ်ရေသယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ၎င်းဒရုန်းသည် လူ၊ အရာဝတ္ထုများ၊ ယာဉ်များနှင့် စစ်လက်နက်ပစ္စည်းများကို နေ့၊ ညမရွေး ခွဲခြားသိမြင်နိုင်စွမ်းရှိပြီး ထူးခြားသောပုံရိပ်ချဲ့မြင်နိုင်မှု Resolutionမြင့်မားသည့်ကင်မရာစနစ်တပ်ဆင်အသုံးပြုထားသည်။ ထို့ပြင် ပျံသန်းတပ်ဖြန့်ချိန်သည် နှစ်မိနစ်ခန့်သာရှိပြီး အကွာအဝေး ရှစ်မိုင်ထိ ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်စွမ်းရှိသည်။

အဆိုပါ ကင်းထောက်ဒရုန်းအမျိုးအစားများကို အမှတ် (၇၀၀)ရေတပ်လေကြောင်းအုပ်၊ လေကြောင်းနှင့်အာကာသဗဟိုဌာနနှင့် ကာကွယ်ရေးပစ္စည်းထောက်ပံ့ရေး Tiquila ဝယ်ယူရေးစီမံကိန်းမှ ဒရုန်းကျွမ်းကျင်ပညာရှင်များအဖွဲ့မှဦးဆောင်၍ အဆင့်ဆင့် စမ်းသပ်မှုများပြုလုပ်ကာ အကဲဖြတ် ဆန်းစစ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

**UK Tests Lockheed Recon Drone Set to Replace Desert Hawk 3 ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

## တောင်ကိုရီးယားနိုင်ငံက အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင်အသုံးပြုရန် စက်ရုပ်ခွေးကို စမ်းသပ်နေ

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းဝယ်ယူရေး စီမံကိန်းဆိုင်ရာ ညွှန်ကြားရေးမှူးရုံး(DAPA) သည် အကြမ်းဖက်မှုနှိမ်နင်းရေးတွင် အသုံးပြုရန်အတွက် ခြေထောက်လေးချောင်းပါ မောင်းသူမဲ့မြေပြင်သွားယာဉ် (UGV) သို့မဟုတ် စက်ရုပ်ခွေးတစ်မျိုးကို စတင်စမ်းသပ်နေပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုများကို ခြောက်လကြာ ပြုလုပ်သွားမည်ဖြစ်ပြီး တောင်ကိုရီးယားတပ်မတော် အထူးစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အနေဖြင့် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေး လက်တွေ့ကျကျ စစ်ဆင်ရေးအခြေအနေများတွင် စက်ရုပ်ခွေးကို ထိရောက်စွာ တိုက်ပွဲဝင်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိအပေါ် အကဲဖြတ်ဆန်းစစ်နိုင်လိမ့်မည်ဖြစ်သည်။

၎င်းတွင် စက်ရုပ်ခွေး၏ အလုံးစုံတိုက်ပွဲဝင်စွမ်းဆောင်ရည်နှင့် လက်ရှိစစ်ဘက် ပလက်ဖောင်းများနှင့် အဆင်ပြေစွာ အသုံးပြုနိုင်မှုအပေါ်လည်း အကဲဖြတ်နိုင်လိမ့်မည်ဖြစ်သည်။

ရှေ့ပြေးနမူနာပုံစံဖြင့် စမ်းသပ်မှုများအတွင်း စက်ရုပ်ခွေးသည် အဆောက်အအုံများအတွင်းရှိ အကြမ်းဖက်ပစ်မှတ်များကို စိစစ်ခွဲခြားခြင်းနှင့် ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်လုပ်ဆောင်မှုများကို လျင်မြန်စွာ တုံ့ပြန်ခြင်းအပါအဝင် အမျိုးမျိုးသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြသည်။ စစ်ဘက်နှင့်တွဲဖက်၍ ရှာဖွေရေးနှင့် ကင်းထောက်စစ်ဆင်ရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက်လည်း အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။



တောင်ကိုရီးယားနိုင်ငံ Hyundai Rotem နှင့် Rainbow Robotics ကုမ္ပဏီတို့ပူးပေါင်း၍ ခြေထောက်လေးချောင်းပါ မောင်းသူမဲ့မြေပြင်သွားယာဉ်(UGV) သို့မဟုတ် စက်ရုပ်ခွေး တီထွင်ထုတ်လုပ်နိုင်ရေးကို ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စတင်လုပ်ဆောင်ခဲ့ကြသည်။ စက်ရုပ်ခွေးသည် တစ်နာရီလျှင် လေးကီလိုမီတာ အလျင်နှုန်းဖြင့် ရွေ့လျားနိုင်ပြီး အမြင့် စင်တီမီတာ ၂၀ ထိ အတားအဆီးများကို ကျော်လွှားနိုင်ကြောင်း သိရသည်။

၎င်းတွင် နေ့နှင့်ည စောင့်ကြည့်ခြင်းအတွက် ခေတ်မီဆန်းပြားသော ကင်မရာများပါရှိပြီး တိုက်ခိုက်ရေးရည်မှန်းချက်တာဝန်များ ပေးအပ်နိုင်ရန် အဝေးမှထိန်းချုပ် ပစ်ခတ်နိုင်သော လက်နက်တပ်ဆင်ထားပေးနိုင်သည်။ စက်ရုပ်ခွေး၏ အဓိကရည်ရွယ်ချက်မှာ မြေမျက်နှာသွင်ပြင်အနေအထားများအရ အခြားမြေပြင်သွားယာဉ်များ မောင်းနှင်သွားလာနိုင်ခြင်းမရှိသော နေရာများတွင် ခရီးပေါက်စေရန်နှင့် တပ်ဖွဲ့ဝင်စစ်သည်များ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံဘေးကင်းစေရန်အတွက် တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များ ရောက်ရှိအခြေပြုတပ်ဖြန့်ခြင်းမပြုမီ အန္တရာယ်ရှိနိုင်သော ပတ်ဝန်းကျင်များတွင် အခြေအနေအရပ်ရပ်ကို ပဏာမအကဲဖြတ်နိုင်ရန်အတွက်လည်း စက်ရုပ်ခွေးများကို အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုများ ပြီးဆုံးသွားသည်နှင့် DAPA သည် စက်ရုပ်ခွေးကို တရားဝင်ဖြန့်ကြက်အသုံးပြုရန် သို့မဟုတ် ၎င်း၏ စွမ်းဆောင်ရည်များကို ထပ်မံပြင်ဆင်ခြင်း ရှိ၊ မရှိ စသည်တို့ကို အပြီးသတ်ဆုံးဖြတ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**South Korea Testing New Robot Dog for Counter-Terrorism Ops ကိုဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကဏန်းပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ကဏန်း ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိငွေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကဏန်းပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကဏန်းပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကဏန်းများကို ရန်ကုန်ဈေးကွက်မှ မှာယူမှုများနေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဘိုကလေးမြို့နယ်ကနေ ကဏန်းအပါအဝင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကဏန်းပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလက်ရှိ ဩဂုတ်လထဲမှာလဲ ဘိုကလေးမြို့နယ်ကနေ တင်ပို့ရောင်းချတဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က မှာယူမှုများနေပါတယ်။ ကဏန်းတွေ မှာယူမှုများတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်ဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိငွေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၂၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၂၉၃ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ငရုတ် ၅၆၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငရုတ် ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးထားပြီးပါပြီ။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟုစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ငရုတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄ ဧက၊ ခန္တီးခရိုင်တွင် ၆၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၂၂ ဧက၊ နာဂဒေသတွင် ၇၇၂ ဧက၊ မုံရွာခရိုင်တွင် ၃၉၇ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၄၈ ဧက၊ ရွှေဘိုခရိုင်တွင် ၁၃၁ ဧက၊ ရေဦးခရိုင်တွင် ၁၂ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၅၃ ဧက၊ ကသာခရိုင်တွင် ၁၀၁ ဧကနှင့် ကောလင်းခရိုင်တွင် ၂၁ ဧက စုစုပေါင်း ၂၂၉၃ ဧကဖြစ်ကြောင်း လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၅ ဧက၊ ခန္တီးခရိုင်တွင် ၆၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ဧက ၂၀၀၊ နာဂဒေသတွင် ၇၅၆ ဧက၊ မုံရွာခရိုင်တွင် ၁၁၉၉ ဧက၊ ယင်းမာပင်ခရိုင် တွင် ၁၀၉၅ ဧက၊ ရွှေဘိုခရိုင်တွင် ၁၄၅ ဧက၊ ရေဦးခရိုင်တွင် ၂၃၈ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၇၂၉ ဧက၊ ကသာခရိုင်တွင် ၁၀၉ ဧကနှင့် ကောလင်းခရိုင်တွင် ၂၉ ဧက စုစုပေါင်း ၅၆၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)



# ဒက္ခိဏသီရိမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ဇီးဖြူကုန်းကျေးရွာ၌ ကျင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွဲ့လွဲ့နိုင်က ဇီးဖြူကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ကျေးရွာတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဇီးဖြူကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဇီးဖြူကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၄ သိန်းထုတ်ချေးပေးခဲ့ကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၂၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၇၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ အေးအတူပူအမျှအသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် EAO အဖွဲ့များ၏ မြို့ရွာများအပေါ် တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများပပျောက်စေရေး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများကို လုံးဝလက်ခံမည်မဟုတ်၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိ . . .**

**တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍစသည့် ကဏ္ဍစုံတို့၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားမည် . . .**

ကျောဖုံးမှအဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Wang Yi နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများ ဖြစ်ကြပြီး ရှည်လျားခိုင်မာသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိကာ လာမည့် ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် စိန်ရတုနှစ်သို့ရောက်ရှိမည်ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံ၊ ယုံကြည်စိတ်ချရသောနိုင်ငံအဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားမည့်အခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို စတင်သဘောတူဆောင်ရွက်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ တည်ငြိမ်အေးချမ်းရေးကိုအလေးထားသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင်ပါဝင်မှု အခန်းကဏ္ဍနှင့် အာဆီယံ၏ ပဋိညာဉ်အတိုင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မဲစာရင်းများတိကျမှန်ကန်မှုရှိစေရေး ယခုနှစ် အောက်တိုဘာလအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူသွားမည့် အခြေအနေများ၊ ရွေးကောက်ပွဲဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီအားလုံး လွတ်လပ်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဦးစွာဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံဘက်မှ ဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy)အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ လိုအပ်သည့်နည်းပညာကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လိုအပ်သည်များကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရေး တိုက်တွန်းလိုပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာဘက်မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကိုထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများကို လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်နိုင်ငံဘက်မှ ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍစသည့် ကဏ္ဍစုံတို့၌ ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမှုကို ထောက်ခံလျက်ရှိကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီး ဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာ များ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလွင်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြ သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။



စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) ကျောင်းဆင်းအရာရှိ မိသားစုများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်စဉ်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစု များက ငွေကျပ်သိန်းသုံးရာနှင့် ငွေကျပ်သိန်း နှစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဝန်ထမ်းမိသားစုများက ငွေကျပ် သိန်း ငါးဆယ်နှင့် ငွေကျပ်နှစ်ဆယ့်နှစ်သိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်း ကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ နှင့် ငွေကျပ်သိန်း သုံးရာတန်ဖိုးရှိစားသောက် ဖွယ်ရာများကိုလည်းကောင်း၊ စွမ်းအင် ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးရာ့ငါးသိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်း မိသားစုများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် များရှိ သင်တန်းသား၊ သင်တန်းသူများက ငွေကျပ်ခြောက်ဆယ့်သုံးသိန်းနှင့် ငွေကျပ် သိန်း တစ်ရာ့တစ်ဆယ်တန်ဖိုးရှိစားသောက် ဖွယ်ရာများကိုလည်းကောင်း၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) ကျောင်းဆင်းအရာရှိမိသားစုများက ငွေကျပ် တစ်ဆယ့် ခုနစ်သိန်းကိုလည်းကောင်း လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ် သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား သည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် များကို ရှုပ်ရှုပ်ချွံချွံတာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နည်းပညာများသည် အဆင့်အတန်းမီသော နည်းပညာများဖြစ်မှသာ ကုန်ထုတ်လုပ်မှုများသည် ခေတ်နှင့်အညီ တိုးတက်ထုတ်လုပ်နိုင်မည်



**နေပြည်တော် ဩဂုတ် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နေသော လုပ်ငန်းရှင်များကို နည်းပညာလွှဲပြောင်းမှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူ များနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင် များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သည် နည်းပညာပံ့ပိုးပေးသည့်ဌာနဖြစ်ပြီး ပေးအပ်လိုက်သော နည်းပညာများသည် အဆင့်အတန်းမီသော နည်းပညာများဖြစ် မှသာ ကုန်ထုတ်လုပ်မှုများသည် ခေတ်နှင့် အညီ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ် ကြောင်း၊ အဆင့်မြင့်နည်းပညာများပေးအပ် နိုင်ရန် နိုင်ငံတကာသုတေသနပြုမှုများ၊ စံချိန်စံညွှန်းများနှင့် ဖြစ်ပေါ်တိုးတက်မှုများ ကို စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာအခြေအနေ၊ ဈေးကွက်အခြေအနေ၊ စားသုံးသူ၏လိုအပ် ချက်နှင့်ကိုက်ညီအောင် သုတေသနပြုဆောင် ရွက်ကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော် ၏လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန်၊ နောင်လာနောက်သားများ အတုယူနိုင်စေရန် နှင့် တွေ့ရှိလာသည့်သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်အောင် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းပညာလွှဲပြောင်းခြင်း၊ သုတေသနပြု စမ်းသပ်ဆောင်ရွက်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက နည်းပညာ လွှဲပြောင်းမှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး ဌာနကပံ့ပိုးပေးလိုက် သည့် နည်းပညာများဖြင့် ထုတ်လုပ်ထား သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း များ၊ သုတေသနစာတမ်းများကို ကြည့်ရှု အားပေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဈေးငွေများ ဆုံးရှုံးမှုမရှိစေရေး၊ ဈေးငွေများ ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် လုပ်ငန်းများအောင်မြင်ရေးအတွက် စနစ်တကျတာဝန်များပေးအပ်ပြီး ကြပ်မတ်ဆောင်ရွက်




နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေများထုတ်ချေးပြီးစီးမှုနှင့် ချေးငွေပြန်လည်ပေးဆပ်မှု၊ နယ်မြေဒေသအခြေအနေနှင့် မိုးခါမှန်တိုင်းတိုက်ခတ်မှုတို့ကြောင့် ချေးငွေအရင်း၊ အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်ပြသော နွေစပါး၊မိုးစပါးနှင့်ဆီထွက်သီးနှံတို့အတွက် ချေးငွေစာချုပ်တန်ဖိုး သတ်မှတ်နိုင်ရေး၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စာရင်းစစ်ဆေးပေးနိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ အကြောင်းကြားထားမှုအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေထုတ်ချေးရေးစာချုပ် ချုပ်ဆိုဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်၊ နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ်မွေးမြူရေးချေးငွေများထုတ်ချေးနေမှုအခြေအနေနှင့် စိုက်ပျိုးရေးရရှိရေးစီမံကိန်းဆောင်ရွက်နေမှု အခြေအနေ၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူနိုင်ရေးအတွက် လုပ်ငန်းသုံးရင်းနှီးငွေထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၂/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ယခုအစည်းအဝေးတွင် မှတ်တမ်းတင်ရန်နှင့် အတည်ပြုဆုံးဖြတ်ရမည့်ကိစ္စရပ်များကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များက ခါတ်မြေဩဇာရရှိမှု၊ ဆီစက်ချေးငွေနှင့် သွင်းအားစုများအတွက် ချေးငွေများအချိန်မီထုတ်ချေးနိုင်ရေး၊ ချေးငွေစာချုပ်များ အချိန်မီချုပ်ဆိုနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကိုထူထောင်၍ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများ အထွက်တိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ချေးငွေများဆုံးရှုံးမှု မရှိစေရေး၊ ချေးငွေများထိရောက်စွာအသုံးပြုနိုင်ရေးနှင့်လုပ်ငန်းများအောင်မြင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက မိမိတို့တာဝန်ယူရသည့်နယ်မြေတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီများကို စနစ်တကျ တာဝန်များပေးအပ်ပြီး ကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်ကထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကိုအသုံးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ စီးပွားရေးဦးတည်ချက် သုံးရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိမိတို့လျာထားမည့် စီမံကိန်းလုပ်ငန်းများသည် ဒေသအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရန်အတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်





နေပြည်တော် ဩဂုတ် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီများမှ ပြည်နယ်၊တိုင်းဒေသကြီးဝန်ကြီးများက Zoom Application Online Systemဖြင့် တက်ရောက်ကြသည်။


ဦးစွာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း လျာထားစီမံကိန်းလုပ်ငန်းများ စနစ်တကျစိစစ်ဆောင်ရွက်နိုင်ရန်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လေးလတစ်ကြိမ် တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် မိမိတို့လျာထားမည့်စီမံကိန်းလုပ်ငန်းများသည် ဒေသအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရန်အတွက် ဒေသဆိုင်ရာကော်မတီများဖြစ်သည့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံကိန်းများလျာထားဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေခွင့်ပြုမှုပေါ်အခြေခံပြီး လျာထားဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏လျာထားစီမံကိန်းလုပ်ငန်းများကိုဖြစ်နိုင်ခြေ ရှိမရှိသုံးသပ်၍ လျာထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယခင်လုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)ဆုံးဖြတ်ချက်များကို အထူးအလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဗဟိုကော်မတီသို့ အချိန်မီ ပြုစုတင်ပြနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီများနှင့်ဒေသဆိုင်ရာလုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ၂၀၂၅-၂၀၂၆ လျာထားစီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီ၍အချိန်မီပြီးစီးရေး၊ ဘဏ္ဍာငွေအလေအလွင့်နည်းပါးစေရေးတို့အတွက် ကော်မတီအလိုက် ပါဝင်ပတ်သက်ဆက်နွှယ်သူများအချင်းချင်း ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ကြကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့်နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာလာစေရေး၊နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့်ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့သွားမည့်အခြေအနေ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ကို Horizon Lake View ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မျှတမှုမရှိသည့်ယှဉ်ပြိုင်မှုများကိုဖြစ်စေနိုင်သော အစီအမံများ၊ လုပ်ထုံးလုပ်နည်းများကို ယှဉ်ပြိုင်မှုဥပဒေ၊ ယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီဖြစ်စေရန် အထူးအလေးထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် ပုံမှန်အစည်းအဝေး(၂/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယှဉ်ပြိုင်မှုကော်မရှင်သည် ပြည်သူလူထုကိုဥပဒေလေးစားလိုက်နာရေးအသိပညာပေး စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဈေးကွက်အတွင်းဝင်ရောက်ရန် အတားအဆီးဖြစ်စေခြင်း၊ ဈေးကွက်အတွင်းယှဉ်ပြိုင်မှုကို ပျက်ယွင်းစေခြင်းနှင့် အချို့သောယှဉ်ပြိုင်ဘက်များကို အလေးပေးခြင်းများကိုဖြစ်စေနိုင်ပြီး မျှတမှုမရှိသည့် ယှဉ်ပြိုင်မှုများကိုဖြစ်စေနိုင်သော အစီအမံများ၊ လုပ်ထုံးလုပ်နည်းများကို ယှဉ်ပြိုင်မှုဥပဒေ၊ ယှဉ်ပြိုင်မှုမူဝါဒများနှင့် အညီဖြစ်စေရန်အထူးအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့အခြားသော ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်လည်း ဆန့်ကျင်မှု မဖြစ်စေရေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးတွင် ယှဉ်ပြိုင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ပြည်တွင်း၊ပြည်ပ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စများ၊ တိုင်ကြားမှုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှုများနှင့် ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်၊ ကော်မရှင်တွဲဖက်အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဗဟိုဘဏ်၏ အတိုးနှုန်း၊ ဘဏ်များက အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် ကောက်ခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှုန်းအား အထိုက်အလျောက်လျော့ကျစေရန်၊ ပြည်သူများအနေဖြင့် ဘဏ်အပ်နှံငွေပေါ်မှ အတိုးဝင်ငွေပိုမိုရရှိစေရန်၊ ဘဏ်များ၏ချေးငွေထုတ်ချေးနိုင်မှုပိုမိုလာပြီး စီးပွားရေးတိုးတက်မှုကိုအထောက်အကူပြုစေရန်စသည့်ရည်ရွယ်ချက်များဖြင့် ဗဟိုဘဏ်အတိုးနှုန်း၊ ဘဏ်များကအပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်ကောက်ခံနိုင်သည့်အတိုးနှုန်းများကို အောက်ပါအတိုင်းပြင်ဆင်သတ်မှတ်လိုက်သည်-

(က) ဗဟိုဘဏ်အတိုးနှုန်းအား လက်ရှိ ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်သတ်မှတ်သည်၊

(ခ) ဘဏ်များက အပ်ငွေများအပေါ်ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ၇ ရာခိုင်နှုန်းနှင့် ချေးငွေများအားလုံးအတွက် ကောက်ခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ၁၅ ရာခိုင်နှုန်းသတ်မှတ်သည်၊

(ဂ) ဘဏ်များအနေဖြင့် မိမိတို့၏အမြတ်ရနိုင်စွမ်းနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲနိုင်မှုအရ အပ်ငွေနှင့် ချေးငွေအတိုးနှုန်းများအား ၇ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအတွင်း သတ်မှတ်ရန်ဖြစ်သည်။

၂။ နိုင်ငံတော်၏မူဝါဒအရ လက်ရှိထုတ်ချေးပေးလျက်ရှိသည့် အထူးချေးငွေများ၏ အတိုးနှုန်းများသည် ပြောင်းလဲမှုမရှိပါ။

၃။ ယခုအတိုးနှုန်းပြင်ဆင်ချက်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
၁၄.၈.၂၀၂၄

## ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနား ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

အကြိမ် (၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုရရှိသူများစာရင်းကို ဇွန် ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါဆုရရှိသူများအား ချီးမြှင့်မည့်အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ ဆုချီးမြှင့်ခံရသူများကို အခမ်းအနားတက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁- ၈၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Wang Yi နှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေး ဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သံအမတ်ကြီး ဦးတင်ယု ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၅

ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ဘာရိန်းနိုင်ငံ မာနာမာမြို့ Al Sakhir နန်းတော်၌ ဘုရင်မင်းမြတ် ဟာမက်(ဒ်) ဘင်အစ်စာ အယ်လ်ခါလီဖာထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

# အဝေးသင် သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင်သင်တန်းများ ကျောင်းအပ်လက်ခံရက် ထပ်မံကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ၂၀၂၄ ပညာသင်နှစ် အဝေးသင် သင်တန်းများ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ၁၆-၉-၂၀၂၄ ရက်ထိ သက်ဆိုင်ရာတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် ဆောင်ရွက်ကြရန် ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန


# လှိုင်ကော်မြို့ ဒေါ်တမရပ်ကွက်နှင့် ဒေါ်နိုးကူးရပ်ကွက်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများကို ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လှိုင်ကော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၄

ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါ်တမရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းနှင့် ဒေါ်နိုးကူးရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတို့မှ ဆရာ၊ ဆရာမများကို ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ ကျောင်းခန်းမဆောင်များ၌ အသီးသီးပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဆရာ၊ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မဝလ)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏အခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိကြောင်းနှင့် စုပြုံတန်းစီဝယ်ယူနေသည့် အရောင်းဆိုင်များအပြင် တန်းစီဝယ်ယူမှုနည်းပါးသည့် အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဩဂုတ် ၁၄

ယခုရက်ပိုင်းအတွင်း ပုံမှန်ကာလများထက် ပိုမိုဝယ်ယူမှုကြောင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီဝယ်ယူမှုများပြားပြီး ဆီသယ်ယာဉ်မရောက်မီကာလအတွင်း စက်သုံးဆီအမည်အချို့အချိန်ပိုင်းပြတ်လပ်မှုဖြစ်ပေါ်လျက်ရှိသဖြင့် ပုံမှန်ဖြန့်ဖြူးပေးမှုအပြင် လိုအပ်သည့်ဆိုင်များကို အရေးပေါ်ထပ်မံတိုးမြှင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေနှင့် ပြည်ပမှဝင်ရောက်လာမည့်ဆီတင်သင်္ဘောများအခြေအနေအရ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်နိုင်ခြင်းမရှိကြောင်း စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ Online Mediaများနှင့် ကောလာဟလ သတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချရန်ဝယ်ယူခြင်းတို့ မပြုလုပ်ကြပါရန်၊ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန်နှင့် အရောင်းဆိုင်အချို့တွင်သာ စုပြုံတန်းစီဝယ်ယူနေခြင်းအစား တန်းစီဝယ်ယူမှုနည်းပါးသည့် ပတ်ဝန်းကျင်ရှိ အခြားအရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ တိုက်တွန်းနှိုးဆော်ထားကြောင်းနှင့် အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် မရောင်းချခြင်းမျိုးမပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မဝလ)

# အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ ချီးကျူးဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနား ကျင်းပ





နေပြည်တော် ဩဂုတ် ၁၄

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ Veterans Confederation of ASE-AN Countries (VECONAC)၏ ချီးကျူးဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသော ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် ဗိုလ်ချုပ်ဇာနည်ဝင်း(အငြိမ်းစား)တို့တက်ရောက်ကြပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဌာနချုပ်မှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့(VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာများပေးအပ်ခြင်းသည် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အဖွဲ့ဝင်သက်ဆိုင်ရာနိုင်ငံများမှ စစ်မှုထမ်းဟောင်းအဖွဲ့၏ အကျိုးအတွက် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သူများကို VECONAC ၏ (၂၃) ကြိမ်မြောက် အထွေထွေညီလာခံဆုံးဖြတ်ချက် (၂၃-၄)အရ ကျေးဇူးတင်အသိအမှတ်ပြုကြောင်းထုတ်ဖော်ပြသခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က အမှာစကားပြောကြားပြီး VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာလက်ခံရရှိသူများကို ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ကာ ချီးကျူးဂုဏ်ပြုလွှာလက်ခံရရှိသူများ ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(အငြိမ်းစား)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၄ ခုနှစ် (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့တွင် ပုလဲအတွဲ ၁၈၄ တွဲ ရောင်းချရ




နေပြည်တော် ဩဂုတ် ၁၄

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့နက်ပိုင်းမှစ၍ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ရောင်းချရန် ခင်းကျင်းပြသထားသည့်ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် တင်ဒါအမှတ်(၃)ဖြစ်သည့် ပုလဲအတွဲအမှတ်(၂၃၁)မှ အတွဲအမှတ်(၃၄၅)ထိနှင့် တင်ဒါအမှတ်(၄)ဖြစ်သည့် ပုလဲအတွဲအမှတ်(၃၄၆)မှ ပုလဲအတွဲအမှတ်(၄၆၀)ထိအား ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက်မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တင်ဒါအမှတ်(၃)နှင့် တင်ဒါအမှတ်(၄)တို့မှ ပုလဲအတွဲ ၂၃၀ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲ ၁၈၄ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲစတုတ္ထနေ့တွင် တင်ဒါအမှတ်(၅)ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁)မှ အတွဲအမှတ်(၅၈၀)ထိ ပုလဲအတွဲ ၁၂၀ နှင့် တင်ဒါအမှတ်(၆)ဖြစ်သည့် ပုလဲအတွဲအမှတ်(၅၈၁)မှ အတွဲအမှတ်(၇၀၀)ထိ ပုလဲအတွဲ ၁၂၀ တို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲရောင်းချပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများနှင့်အတူ ပူးပေါင်း၍လည်းကောင်း၊ မြန်မာ့ပုလဲသီးသန့်ဖြင့်လည်းကောင်း အောင်မြင်စွာကျင်းပပေးခဲ့ရာ ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်ထိ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC)ရရှိမှသာ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရန် အသိပေးကြေညာ

၁။ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဆ)ရှိ ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များတွင် "အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပအလုပ်အကိုင်သွားရောက်လုပ်ကိုင်ခြင်းမပြုစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း"ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဈ)တွင် "အလုပ်သမားများအား ပြည်ပသို့ မထွက်ခွာမီစုံစမ်းစစ်ဆေး၍ အဖွဲ့ငယ်၏ စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ထွက်ခွာရန်မသင့်ကြောင်း တွေ့ရှိပါက ပိတ်ပင်ခြင်း"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပုဒ်မ ၉ ပုဒ်မခွဲ(က)တွင်"ပြည်ပအလုပ်အကိုင်ရှာဖွေသူသည်ဦးစီးဌာနက မှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင်အမျိုးအစားတစ်ခုခုကို ရှာဖွေခြင်းဖြစ်ပါက ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင်မှတ်ပုံတင်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)တွင် ဦးစီးဌာနသည် "အလုပ်သမားအားပြည်ပသို့ မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထားသက်သေခံလက်မှတ်ထုတ်ပေးရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

၄။ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နိုင်ရန်အတွက် လျှောက်ထားရမည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | အလည် | (Passport for Visit – PV) |
| (ခ) | အလုပ် | (Passport for Job – PJ) |
| (ဂ) | ပညာသင် | (Passport for Education – PE) |
| (ဃ) | စီးပွားရေး | (Passport for Business – PB) |
| (င) | ဘာသာရေး | (Passport for Religious – PR) |
| (စ) | မှီခို | (Passport for Dependent – PT) |
| (ဆ) | သင်္ဘောသား | (Passport for Seaman – PS) |

၅။ ပြည်ပသို့ အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်မည့်သူများသည် နိုင်ငံကူးလက်မှတ်အမျိုးအစားကို အလုပ်အကိုင်အတွက် ထုတ်ပေးသည့် (Passport for Job– PJ) အမျိုးအစားလျှောက်ထားရန် လိုအပ်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနတွင် မဖြစ်မနေမှတ်ပုံတင်၍ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

၆။ ယခုအခါ ပြည်ပနိုင်ငံများသို့ အလည်ဗီဇာဖြင့် သွားရောက်လည်ပတ်နိုင်ရန် ထုတ်ပေးသည့် (Passport for Visit–PV)အမျိုးအစား ကိုင်ဆောင်သူများသည် အလည်အတွက်မဟုတ်ဘဲ အလုပ်အကိုင်ဗီဇာများလျှောက်ထားရယူ၍ ပြည်ပသို့ သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ပြည်ပတွင် အခက်အခဲပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲများကြုံတွေ့ရလျက်ရှိပါသည်။

၇။ သို့ပါ၍ နိုင်ငံကူးလက်မှတ်(Passport for Visit–PV)အမျိုးအစားကိုင်ဆောင်၍ အလုပ်အကိုင်ဗီဇာများလျှောက်ထားရယူပြီးပြည်ပသို့ထွက်ခွာရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှ စိစစ်တားမြစ်ခြင်းများခံရပါက မလိုလားအပ်သည့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားရှိပါက နိုင်ငံကူးလက်မှတ်စတင်လျှောက်ထားရာတွင် (Passport for Job–PJ)အမျိုးအစားကို လျှောက်ထားရယူရန် အလုပ်သမားဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူကာ တရားဝင်သွားရောက်လုပ်ကိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့်အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲနှင့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ






နေပြည်တော် ဩဂုတ် ၁၄

ငွေရေးကြေးရေး တည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ဆွေးနွေးပွဲနှင့် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual ဖြင့် တက်ရောက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့၊ ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲကို တက်ရောက်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ဖြစ်ပေါ်နိုင်သောဆုံးရှုံးမှုများကို ဖယ်ထုတ်ရှင်းလင်းနိုင်ရေးအတွက် လိုအပ်သည့် စွမ်းဆောင်ရည် (Loss Absorbing Capacity-LAC)ဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်မှကြွေးမြီပေးဆပ်ရန် အခက်အခဲဖြစ်ပေါ်နေသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ကြွေးမြီများကို သက်သာရာရရှိစေရန် ပြုလုပ်ပေးသည့် ''Bailin'' ဆိုင်ရာ အကြောင်းအရာများကို ဆွစ်ဇာလန်နိုင်ငံ၏ ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Credit Suisse ၏ အတွေ့အကြုံများနှင့်နှိုင်းယှဉ်၍ သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့နှင့် SEACEN Centre တို့မှ ခရစ်တိုရရန်ပိုင်ခွင့်များနှင့် တန်ဖိုးတည်ငြိမ်သောကွိုင်များ (Stable-coins) နှင့်စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေနှင့် မူဝါဒဆိုင်ရာ အလားအလာများသုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်၊ အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်နှင့် ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့တို့မှ ဒေသတွင်းနိုင်ငံများအနေဖြင့် အစိမ်းရောင် စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် ဘဏ္ဍာငွေအရင်းအမြစ်များရှာဖွေနိုင်ရေးဆိုင်ရာ အလားအလာများအား သုံးသပ်ဆွေးနွေးခြင်းကို လည်းကောင်း၊ မလေးရှားနိုင်ငံဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ တုံ့ပြန်ဆောင်ရွက်ရေး စည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်းကို လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့် ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ဆွေးနွေးပွဲကိုဆက်လက်ကျင်းပရာ အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy က ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအလားအလာနှင့် ငွေလုံးငွေရင်း စီးဆင်းမှုများကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်၊ ထိုင်းနိုင်ငံဗဟိုဘဏ်နှင့် နီပေါနိုင်ငံဗဟိုဘဏ်တို့မှ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်ရေးအပေါ် သက်ရောက်လျက်ရှိသည့် ဆုံးရှုံးနိုင်ခြေများနှင့် အဆိုပါအခြေအနေများကို ထိန်းကျောင်းနိုင်ရေးအတွက် ကြီးကြပ်စစ်ဆေးမှုများကို နိုင်ငံအလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ပြောကြားခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့် ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် (၁၅) ကြိမ်မြောက်အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ တံခါးပိတ်အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့မှ ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy က ၂၀၂၃ ခုနှစ်အတွင်းကျင်းပပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်းကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာသင်တန်းများနှင့် သုတေသနစာတမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ SEACEN အဖွဲ့ဝင်နိုင်ငံများသို့ အထောက်အပံ့ပေးမှုများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မုံရွာမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် လောင်းလုံမြို့နယ်အတွင်း တပ်မတော်ကလက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသား







နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထနောင်းတော တောင်ရွာဈေးတန်းကို တပ်မတော်က ဩဂုတ် ၁၃ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၁၁ ဦးသေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ မုံရွာမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှလက်လုပ်လက်နက်ကြီးများ၊Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့ပစ်ခတ်သည့် လက်နက်ကြီးကျည်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိမှန်ခြင်းမရှိဘဲ လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရပြီး အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက် သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့်တပ်မတော်အပေါ် အထင်မြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အထောက်အထားမဲ့ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အဘွားအိုတစ်ဦး သေဆုံးခဲ့သည်ဟုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၂ ရက်တွင် လောင်းလုံမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟုလည်းကောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေကြောင်း သိရှိရသည်။ (ဧပဓ)

# ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်၌ ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်သို့ရောက်ရှိနေသည့် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ကျုံပျော်မြို့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် သွေးထိုးသပ်လျှို၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျုံပျော်မြို့အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအပေါ် အကြောင်းမဲ့ မတရားဖမ်းဆီးခြင်း၊ ခေါ်ဆောင်စစ်ဆေးခြင်းများမရှိကြောင်း သတင်းရရှိသည်။ (ဧပဓ)

# အမှန်တရားတွေကျင့်ကြံအားထုတ်နိုင်ကြပါစေ

ကိုယဉ်ချစ်(မန္တလေး)

လူ့တိုင်းဟာစားရေး၊ ဝတ်ရေး၊ နေရေးဆိုတဲ့ အလုပ်သုံးမျိုးကိုနေ့စဉ်လုပ်ကိုင်နေကြပါတယ်။ ဒီလိုလုပ်ကိုင်ကြတဲ့အခါ အလုပ်တွေရဲ့အမှန်နဲ့အမှားဆိုတဲ့အဖြေက နှစ်မျိုးပဲရှိတာမို့ မှန်ကန်တဲ့ အလုပ်တွေကိုသာရွေး ချယ်သင့်ပါတယ်။ အမှန်ဆိုတာ မမှားယွင်းတာ၊ မလွဲတာ၊ ဖြောင့်မတ်တာ၊ အစဉ်အမြဲအတိုင်း ဖြစ်တာကိုခေါ်ပြီး အမှားဆိုတာကတော့ အမှန်ရဲ့ဆန့်ကျင်ဘက်တွေ၊ လွဲတာတွေပါပဲ။ လူတွေဟာ လုပ်ကိုင်ကြတဲ့အလုပ်တွေ ချို့ယွင်းအားနည်းတာ၊ မှားတာတွေ အနည်းနဲ့အများရှိနေမှာပါ။ မှန်တယ်မှားတယ်ဆိုတာ ခံယူကျင့်သုံးသူရဲ့အပေါ်မှာပဲ မူတည်ပါတယ်။ မှန်တယ်ထင်ပြီး လုပ်လိုက်ပြီးမှ အမှားဖြစ်သွားတတ်တာ၊ မှားတယ်ထင်ပြီးမလုပ်ဘဲနေလိုက်မိတဲ့ အမှန်တွေလဲရှိနေတတ်ပါတယ်။

There are two sides to every question the wrong side and our side(မေးခွန်းတိုင်းမှာအဖြေနှစ်ခုရှိတယ်၊ မှားတဲ့အဖြေနဲ့မိမိလက်ခံတဲ့အဖြေဖြစ်တယ်) ဆိုတဲ့အမေရိကန်စကားပုံတစ်ခုကိုမှတ်သားဖူးပါတယ်။ မိမိလက်ခံတဲ့အဖြေကို မှန်တယ်လို့ထင်ထားပေမဲ့ ကိုယ်လက်ခံတဲ့အဖြေတိုင်းအမှန်တွေပါလို့ ပုံသေတွက်လို့မရနိုင်ပါဘူး။ လူတိုင်းက အတ္တကိုအခြေခံပြီး ဘဝတွေတည်ဆောက်နေကြတာဖြစ်လို့ အမြဲတမ်းမှန်နေတယ်၊ အမြဲတမ်းမှားနေတယ်ဆိုတာလဲမဖြစ်နိုင်ပါဘူး။

လူတွေဟာ နေ့စဉ်အမှန်နဲ့ အမှားလမ်းနှစ်သွယ်ပေါ်မှာလျှောက်လှမ်းနေကြတယ်ဆိုတာ သတိမမူမိကြပါဘူး။ မှန်တဲ့လမ်းပေါ်ရောက်နေရင် လမ်းမှန်မယ်၊ မှားတဲ့လမ်းပေါ်ရောက်နေရင် လမ်းမှားမယ်။ လုပ်ကိုင်သူရဲ့ အရည်အချင်းနဲ့ဆုံးဖြတ်လုပ်ဆောင်ချက်တွေကသာ လမ်းမှန်လား၊ လမ်းမှားလားဆိုတဲ့အဖြေကိုထုတ်ပေးပါတယ်။ လမ်းမှားနေရင်လမ်းမှန်ပေါ်ကို ပြောင်းလျှောက်နိုင်သလို လမ်းမှန်ပေါ်ကနေ လမ်းမှားဆီကိုလဲ ပြောင်းပြီးရောက်သွားနိုင်ပါတယ်။ "ပညာရှိသတိဖြစ်ခဲ"ဆိုရိုးစကားလိုပညာရှင်၊ ပညာတတ်တွေတောင်တစ်ခါတရံ မှားတတ်ကြပါတယ်။ ဒီ တော့ ပညာနည်းသူ၊ ပညာမဲ့သူတွေကအမှားတွေကိုပိုပြီးပြုလုပ်နိုင်ကြပါတယ်။

မီးခိုးဆိုတာမီးရှိမှဖြစ်လာတာပါ။ အမှားရှိတဲ့နေရာကို အမှားတွေစုပြုံရောက်ရှိလာတတ်သလို၊ အမှန်ရှိတဲ့ရပ်ဝန်းမှာလဲ အမှန်တွေပဲ ဝန်းရံနေတတ်ကြပါတယ်။ အမှားမှန်းသိလို့အမှန်ဆီကိုကူးပြောင်းလိုက်တာကောင်းပေမဲ့ အမှန်ကနေအမှားဆီကိုမကူးပြောင်းမိဖို့တော့ လိုပါတယ်။

အမှားတွေကြာလာရင် အမှန်ဖြစ်တတ်တယ်ဆိုစကားရှိပေမဲ့၊ အမှားကိုနောက်ထပ်အမှားနဲ့ထပ်ပေါင်းလို့အမှန်ဆိုတာဖြစ်မလာနိုင်ပါ။ မှန်တယ်လို့တလွဲလက်ခံနေကြမယ်ဆိုရင် ဆိုးကျိုးကိုဖြစ်စေမဲ့အဖြေပဲထွက်လာပါလိမ့်မယ်။ အမှန်တရားပါဆိုပြီးအမှားကိုလက်ခံနေသူတွေဆီကိုသွားပြောမိရင် အလွယ်တကူနဲ့လက်ခံမှာမဟုတ်ဘူးဆိုတာကိုလဲသတိမူကြရပါမယ်။ မှန်တဲ့အလုပ်တွေကို လုပ်နေသူတွေဟာ အကြောင်းတစ်ခုခုကြောင့် ပျက်စီးဆုံးရှုံးမှုကြုံရရင်တောင်ဆိုးဆိုးဝါးဝါးမဖြစ်နိုင်ပါ။ အမှားကိုကျူးလွန်သူတွေကတော့ လုပ်နေတဲ့အလုပ်တွေကို မှားနေတာဖြစ်လို့ကျရှုံးမှုတွေ၊ ဆုံးရှုံးမှုများစွာနဲ့ကြုံတွေ့ရတတ်ပါတယ်။ အမှားကိုပြုမိလို့ အသက်ပါဆုံးရှုံးခဲ့ရတဲ့ဖြစ်စဉ်တွေ အများကြီးရှိခဲ့ဖူးပါတယ်။

မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့တပင်ရွှေထီးဟာ အသက် ၁၄ နှစ်အရွယ်မှာမင်းဖြစ်ပြီး ဘုန်းတန်ခိုးကြီးမားထက်မြက်တဲ့သူဖြစ်ပါတယ်။ အနော်ရထာမင်းကြီးတည်ထောင်ခဲ့တဲ့ပထမမြန်မာနိုင်ငံဟာ နရသီဟပတေ့မင်းလက်ထက်ကစပြီး စည်းလုံးမှုတွေ ပျက်စီးယိုယွင်းခဲ့ပြီး တိုင်းပြည်အစိတ်စိတ် အမွှာမွှာပြိုကွဲသွားခဲ့တာကြောင့် တပင်ရွှေထီးဟာ ဒုတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် ပြန်လည်စုစည်း တည်ထောင်ဖို့ကြိုးပမ်းခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့ယောက်ဖတော်စပ်တဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာနဲ့အတူ နိုင်ငံတော်ကြီးကိုပြန်လည်စုစည်းတည် ဆောက်နိုင်ခဲ့ပါတယ်။ ဟံသာဝတီတိုက်ပွဲ၊ မုတ္တမတိုက်ပွဲ၊ ပြည်တိုက်ပွဲ၊ ယိုးဒယားတိုက်ပွဲတွေဆင်နွှဲအောင်မြင်ပြီး ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းတည်ထောင်နိုင်ခဲ့ပါတယ်။

တပင်ရွှေထီးဟာ ယိုးဒယားကအပြန် နိုင်ငံခြားသား ပေါ်တူဂီလူမျိုးဒီဘရစ်တိုနဲ့ပေါင်းမိပြီး အရက်သေစာတွေသောက်စားခဲ့ရာက အရက်ကိုစွဲလမ်းသွားခဲ့ပါတယ်။ နောက်ပိုင်းအချိန်ရှိသရွေ့အရက်သေစာသောက်စားနေတာကြောင့်တိုင်းပြည်ရဲ့အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတွေ လစ်ဟင်းခဲ့ရပါတယ်။ နောက်ပိုင်းမှာနိုင်ငံတော်ရဲ့ အရေးကိစ္စတွေကို ဘုရင့်နောင်ထံတာဝန်လွှဲအပ်ထားရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

တစ်နေ့မှာ ဘုရင့်နောင်ကလဲ စစ်ဆင်ရေးထွက်နေချိန်မှာ စစ်တောင်းစားသမိန်စောထွတ်နဲ့ တပင်ရွှေထီးနားမှာ အယုံသွင်းအမှုထမ်းနေတဲ့ လက်ဝဲခေးမျိုးတို့က တပင်ရွှေထီးကိုဖြားယောင်းခေါ်ထုတ်သွားကြပါတယ်။ တပင်ရွှေထီးဟာ အရက်သေစာတွေသောက်စားထားတာကြောင့် အမှန်အမှားကိုဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတော့ဘဲ အယုံလွယ်ပြီးလိုက်သွားခဲ့ပါတယ်။ နောက်တော့ စစ်တောင်းအရပ်မှာ ညအချိန်အရက်မူးပြီး အိပ်ပျော်နေချိန် သူ့ရဲ့လူယုံလက်ဝဲခေးမျိုး လုပ်ကြံမှုကြောင့် နတ်ရွာစံခဲ့ရပါတယ်။ နတ်ရွာစံချိန်မှာ သက်တော် ၃၄ နှစ်သာရှိသေးတဲ့ အရွယ်ကောင်းဖြစ်ပါတယ်။ သူဟာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ဖို့ကြိုးပမ်းခဲ့တယ်။ လုပ်ရည်ကိုင်ရည်တွေ ဘုန်းတန်ခိုးနဲ့လဲ ပြည့်စုံခဲ့သူဖြစ်တယ်ဆိုပေမဲ့ နိုင်ငံခြားသားမိစ္ဆာဒိဋ္ဌိနဲ့လူပေါင်းမှား၊ အရက်သေစာကိုသာ သောက်စားမူးယစ်နေတဲ့ အမှားတွေကြောင့် တပင်ရွှေထီးဟာစစ်တောင်းစားနဲ့ လက်ဝဲခေးမျိုးတို့ရဲ့လက်ချက်နဲ့ နတ်ရွာစံခဲ့ရပါတယ်။

အမှားတစ်ခုကိုပြုမိခဲ့တယ်။ အမှားကိုပြုပြင်လို့ရပါလျက်နဲ့အမှားကိုအမှန်ထင်၊ အမှားကိုမပြင်နိုင်ခဲ့တဲ့အတွက် တပင်ရွှေထီးဟာ အသက်ငယ်ငယ်နဲ့ဘုန်းတန်ခိုးကြီးတဲ့မင်းဖြစ်ခဲ့ပေမဲ့ သမိုင်းကြောင်းဟာ အမည်းစက်စွန်းထင်းသွားတဲ့အပြင် သူ့ရဲ့အသက်ပါပေးဆပ်လိုက်ရတဲ့ဖြစ်ရပ်ဟာ နောင်လာနောက်သားတွေဆင်ခြင်အတုယူဖွယ်ရာဖြစ်ခဲ့ပါတယ်။

ဒါကြောင့် ဆီးဘန်းနီဆရာတော်ဘုရားကြီးက ဆုံးမစာမှာ "တပင်ရွှေထီး၊ အောင်စည်ဟီး၍၊ စစ်ကြီးဗျူဟာ၊ မိစ္ဆာမျိုးနွယ်၊ ကုလားငယ်ကို၊ နီးဝယ်ယူကြည့်၊ ထားမိသည်နှင့်၊ သေရည်သေရက်၊ ချက်ဆက်ပွဲတော်၊ သောက်တော်ခေါ်က၊ မူးမော်မိုက်သစ်၊ ထိုသည်ခေတ်ဝယ်၊ စစ်တောင်းစားမတ်၊ လုပ်ကြံလတ်၍၊ သက်ပြတ်ဇီဝိန်၊ ထုံးကိုချိန်လျက်"လို့ဆုံးမတော်မူခဲ့ပါတယ်။ အမှားဆိုတာအမြဲတမ်းရှိနေတာမဟုတ်လို့မှားမှန်းသိရင် အမှန်ကိုအချိန်မရွေးပြင်ဆင်ရပါတယ်။ မပြင်ဆင်ဘဲ အမှားနောက်ကိုလိုက်ပါသွားတာကြောင့် တပင်ရွှေထီးဟာသမိုင်းမှာအမည်းစက်ထင် ခဲ့ရတာဖြစ်ပါတယ်။

အမှားဆိုတာမသိလို့မှားသွားတာ၊ သိလျက်နဲ့မှားတာ၊ မှားမှန်းသိပေမဲ့ မပြင်ဆင်နိုင်လို့ဆက်ပြီးမှားနေတာကြတာတွေလဲရှိပါတယ်။ တစ်ခါတရံမှာအမှန်တရားတွေကို ခါးသီးတဲ့အတွေ့အကြုံတွေဆီကရယူရတာဖြစ်ပါတယ်။ ကိုယ်ပြုမိတဲ့အမှားတွေကို မှားမှန်းသိရင် အမှန်ကိုပြင်ယူလို့ရပါတယ်။ မှားနေပါလား၊ မှားသွားပါလားဆိုတဲ့အသိရဖို့သာ ခက်ခဲတာပါ။ အခြေအနေတစ်ခုခုကြောင့် အမှားပြင်ဖို့ခက်နေရင်တောင်အလားတူအမှားမျိုးကို ထပ်ပြီးမလုပ်မိအောင် သတိနဲ့ဆင်ခြင်နိုင်ပါတယ်။ မှားမှန်းသိလို့ အမှန်ကို ပြင်ဆင်နိုင်ခြင်းဟာ မိမိအတွက် ကောင်းသလိုပတ်ဝန်းကျင်ကိုလဲ ထိခိုက်မှု လျော့နည်းသွားစေပါတယ်။

အမှန်ပြုကျင့်နေသူတွေမှာ မှန်ကန်တဲ့ အတွေးအခေါ်၊ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေရှိနေတာကြောင့် အဖိုးတန်ရတနာတွေ ပိုင်ဆိုင်ထားသလိုပါပဲ။ အမှန်တရားဆိုတာ ကောင်းကျိုးတွေကိုသာဖြစ်စေတာမို့ ကုသိုလ်တရားဖြစ်ပါတယ်။ ကောင်းကျိုးခံစားချင်ရင် အမှန်တရားကိုကျင့်ကြံအား ထုတ်ကြဖို့လိုပါတယ်။ အမှန်တရားကသာကောင်းမွန်တဲ့အရသာကို ပေးစွမ်းနိုင်တာမို့ အမှန်တရားတွေကို မြိန်ရေရှက်ရေစားသုံးနိုင်မှာဖြစ်ပါတယ်။

အမှားကတော့ ဆိုးကျိုးတွေ ဖုံးလွှမ်းနေတဲ့ အကုသိုလ်တရားဖြစ်ပါတယ်။ အမှားကိုလုပ်နေသူတွေကတော့ အမှားတွေကို ထပ်ခါထပ်ခါလုပ်နေမိရင်း လှော်ရင်းနစ်နေတဲ့ လှေကြီးတစ်စင်းနဲ့တူပါတယ်။ အချို့အမှားပြုနေသူတွေဟာ အမှန်ကိုပြင်ပေးမဲ့သူကအတွေ့အကြုံတွေ၊ အထောက်အထားတွေ၊ ဥပမာတွေနဲ့ နားဝင်အောင်ညွှန်ပြတာတောင် လက်မခံဘဲ၊ အမှားကိုအမှန်လို့ တစ်ဖက်ပိတ်ထင်နေတတ်ကြပြီး ပြင်ဆင်ဖို့ဝန်လေးတတ်ကြပါတယ်။

မှန်တယ်၊ မှားတယ်ဆိုတဲ့အလုပ်တွေလာရာလမ်းကြောင်းကတော့ လူတွေရဲ့အလုပ်သုံးပါးဖြစ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေဆီကဖြစ်ပါတယ်။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် မနောကံဆိုတဲ့စိတ်က အရင်ဆုံးကြံစည်တွေးတောတယ်၊ စိတ်ရဲ့စေဆော်မှုကြောင့် ဝစီကံဆိုတဲ့ နှုတ်ကပြောတယ်၊ ကာယကံမြောက်အလုပ်တွေကို ဆက်လုပ်ကြပါတယ်။ စိတ်ကအခြေခံလာတာဖြစ်တဲ့အတွက် စိတ်က ကြံစည်တွေးတောမှုတွေလွဲရင် အပြောတွေ၊ အလုပ်တွေပါလွဲပြီး အမှားတွေဖြစ်တော့တာပါပဲ။ ဒါကြောင့် စိတ်ကိုထိန်းချုပ်နိုင်ဖို့က အင်မတန်အရေးကြီးပါတယ်။ စိတ်ကိုထိန်းချုပ်၊ အပြောတွေဆင်ခြင်၊ အလုပ်တွေသတိနဲ့ဆင်ခြင်လုပ်ကိုင်မှသာ အမှားနည်းပြီးမှန်ကန်တဲ့အလုပ်တွေကို ရနိုင်မှာဖြစ်ပါတယ်။

အမှန်တရားတွေဖြစ်ပေါ်ဖို့ လူတွေရဲ့ ကိုယ်ကျင့်တရားကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ကိုယ်ကျင့်တရားဆိုတာ သူတစ်ပါးဆီက ရောက်လာတာမဟုတ်ပါ။ ဓားငှားရမ်းလို့ရတဲ့ပစ္စည်းလဲမဟုတ်ပါ။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရတဲ့အလုပ်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းတဲ့သူတွေရဲ့အလုပ်တွေဟာ မှန်ကန်နေတတ်ပြီး အောင်မြင်မှုကောင်းကျိုးတွေခံစားကြရပါတယ်။ ကိုယ်ကျင့်တရားမကောင်းရင်တော့ စပြီးတွေးတဲ့စိတ်၊ ပြောတဲ့စကားနဲ့လုပ်တဲ့အလုပ်တွေအားလုံးဟာ မှားတတ်တာမို့ဆိုးကျိုးတွေကိုသာ မလွဲမသွေခံစားကြရမှာ ဖြစ်ပါတယ်။

အမှားတွေဆိုတာ အရွယ်မရွေး၊ အချိန်မရွေး၊ နေရာမရွေးရှိနေတာမို့ အသိပညာ၊ အတွေ့အကြုံ၊ ဗဟုသုတနည်းပါးနေသေးတဲ့ လူငယ်ပိုင်းမှာ အမှားတွေကို ပိုပြီးတွေ့နိုင်ပါတယ်။ အတတ်ပညာရှိထားပေမဲ့ အသိပညာနည်းပါးသေးတဲ့လူငယ်တွေရဲ့အားနည်းချက်ကို အသုံးချလိုသူတွေရဲ့ အသုံးချတာကိုခံရတတ်တယ်ဆိုတာ သတိပြုကြရမှာဖြစ်ပါတယ်။ လူငယ်ဆိုတာ တက်ကြွတယ်၊ ခွန်အားရှိတယ်၊ မဟုတ်မခံစိတ်ရှိတယ်ဆိုတဲ့ ပင်ကိုယ်စွမ်းအားတွေပိုင်ဆိုင်ထားကြတယ်။ အချို့က ဒီစွမ်းအားတွေကို မိမိခံစားချက်နဲ့အသုံးချကြတယ်။ ဒါပေမဲ့ အတွေ့အကြုံ၊ အသိအမြင်၊ လေ့လာသင်ယူမှုကနည်းပါး၊ ကိုယ်ပိုင်စဉ်းစားတွေးခေါ်နိုင်တဲ့ အရည်အချင်းတွေကလဲ နည်းပါးကြတာကြောင့် အမှားကိုအလွယ်တကူပြုလုပ်မိတတ်ကြပါတယ်။

လူတချို့ဟာ မှားတာကိုလုပ်မိပြီး မှားလက်စနဲ့ဆက်မှားနေမယ်ဆိုရင် မိမိသာမက မိမိ မိသားစုကိုပါ ထိခိုက်မှုတွေဖြစ်လာတတ်ပါတယ်။

မှန်တဲ့ အလုပ်တွေကို သူတော်ကောင်းတွေကသာ လုပ်ကိုင်ကြပါတယ်။ မှားတဲ့အလုပ်တွေကိုတော့ အမှားအမှန်မခွဲခြားနိုင်သူတွေ၊ အတ္တကြီးသူတွေ၊ ဘယ်သူသေသေငတေမာပြီးရောဆိုတဲ့စိတ်မွေးပြီး သူတစ်ပါးကို အသုံးချဖို့ ဝန်မလေးတတ်သူ လူယုတ်မာတွေက လုပ်ဆောင်တတ်ကြပါတယ်။

လူသားတွေပဲအမှားနဲ့ဘယ်ကင်းနိုင်ကြမှာလဲလို့ဆိုနေကြပေမဲ့အမှားနည်းအောင် နေထိုင်လုပ်ကိုင်နိုင်တာကအကောင်းဆုံးဖြစ်ပါတယ်။ အမှန်တွေ၊ အမှားတွေဆိုတာ ကိုယ်တိုင်ပြုလုပ်လိုက်တဲ့အလုပ်တွေရဲ့ရလဒ်ဖြစ်ပါတယ်။ လောကကြီးထဲမှာအမှန်နဲ့အမှားဆိုတာတွေက ဒွန်တွဲတည်ရှိနေပါတယ်။ အမှန်နဲ့အမှားရွေးချယ်တာမမှားကြစေလိုပါ။ အမှန်တွေကိုသာရွေးချယ်လုပ်ကိုင်နိုင်ကြပါစေ။ အမှားတွေနည်းနိုင်သမျှနည်းအောင်အားထုတ်နိုင်ကြပါစေ။ မိမိလည်းကောင်းကျိုးတွေခံစားရအောင်၊ သူတစ်ပါးရဲ့အကျိုးစီးပွားလဲ မထိခိုက်မဆုံးရှုံးရအောင်အမှန်တရားတွေကို ကျင့်ကြံအားထုတ်နိုင်ကြပါစေ။

**❖လူတွေဟာ နေ့စဉ် အမှန်နဲ့အမှား လမ်းနှစ်သွယ်ပေါ်မှာ လျှောက်လှမ်းနေကြတယ်ဆိုတာ သတိမမူမိကြပါဘူး။ မှန်တဲ့လမ်းပေါ်ရောက်နေရင် လမ်းမှန်မယ်၊ မှားတဲ့လမ်းပေါ်ရောက်နေရင် လမ်းမှားမယ်။ လုပ်ကိုင်သူရဲ့ အရည်အချင်းနဲ့ဆုံးဖြတ်လုပ်ဆောင်ချက်တွေကသာ လမ်းမှန်လား၊ လမ်းမှားလားဆိုတဲ့အဖြေကို ထုတ်ပေးပါတယ်။ လမ်းမှားနေရင် လမ်းမှန်ပေါ်ကို ပြောင်းလျှောက်နိုင်သလို လမ်းမှန်ပေါ်ကနေ လမ်းမှားဆီကိုလဲ ပြောင်းပြီးရောက်သွားနိုင်ပါတယ်။ "ပညာရှိသတိဖြစ်ခဲ"ဆိုရိုးစကားလိုပညာရှင်၊ ပညာတတ်တွေတောင် တစ်ခါတရံ မှားတတ်ကြပါတယ်။ ❖**

**ကိုးကား**
- ကိုယ်ကျင့်ပိုင်းနှင့်သမိုင်းသင်ခန်းစာ၊ မောင်ကျေးဇူး
- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန



ဝတ္ထုတိုကဏ္ဍ

# လရိပ်မှာလွမ်းရသည်

## ကနောင်(ပခန်းမြေ)

(၁)

"ငယ် မောင်တို့ လမ်းခွဲကြစို့နော်"

မောင် တွေ့ချင်သည်ဆို၍ မောင်ချိန်းဆိုသည့် နေရာသို့ လေးငယ်လာခဲ့ရသော်လည်း မောင့်ဆီက အခုလိုအပြောခံရလိမ့်မည်ဟု လေးငယ်ထင်မထားမိ။

"ဘာကြောင့်လဲ မောင်။ ငယ့်မှာ ဘာအပြစ်ရှိလို့လဲ"

လေးငယ်မေးသည်ကို မောင်မဖြေ။ ကျုံးဘေးရှိ သံတိုင်များကိုဆုပ်ကိုင်ရင်း ကျုံးရေပြင်ကိုသာ အဓိပ္ပာယ်မဲ့စွာ စိုက်ကြည့်နေသည်။ ညဦးရောက်စ အချိန်မို့ လမ်းမီးများ ထိန်ထိန်လင်းနေသည်။ ဆောင်းဦးညချမ်း လမင်း၏ လရောင်သည် ကျုံးရေပြင်၌ ထင်ဟပ်ဖြာကျလျက်ရှိ၏။ ကျုံးရေလွှာကို ရှပ်တိုက်၍ ပြေးလွှားရိုက်ခတ်လာသောလေသည် အေးစိမ့်စိမ့်နိုင်လှသော်လည်း လေးငယ်ရင်တွင်းမှာတော့ မျှော်လင့်မထားမိသော မောင့်စကားများကြောင့် ပူလောင်စပြုနေလေပြီဖြစ်၏။

"ငယ်မေးတာကို ဖြေလေမောင်။ ငယ်နဲ့ ဘာကြောင့်လမ်းခွဲချင်ရတာလဲလို့"

လေးငယ်လေသံသည် နည်းနည်းကျယ်လောင်သွားသည်ထင်၏။ ပလက်ဖောင်းပေါ်လမ်းလျှောက်လာသော လူတချို့ကပင် လှည့်ကြည့်သွားကြ၏။ မောင်သည်အနီးရှိ ထနောင်းပင်ကိုင်းကိုဆွဲ၍ အရွက်များကိုခူးသပ်ပြီး ကျုံးရေထဲသို့ အဓိပ္ပာယ်မဲ့စွာပစ်ချနေသည်။ တိုးလျှန္မ်းမောစွာနှင့် မောင့်ထံမှ စကားလုံးများ ပွင့်အန်ထွက်လာ၏ ။

"မောင့်အိမ်က ငယ်နဲ့ သဘောမတူဘူးငယ်။ ပြီးတော့ မမီတဲ့ပန်းကို တက်ခူးမိလို့ ပြုတ်ကျတဲ့အခါ မောင်ပဲ နာကျင်ခံစားရမှာ ငယ်"

"မောင်ရယ် မောင့်ကို ငယ်သိပ်ချစ်တယ်လေ။ မောင်လဲ ငယ့်ကိုတကယ်ချစ်ရင် အရာရာကို ရင်ဆိုင်နိုင်စွမ်းရှိရမှာပေ့ါ။ မောင့်ဘက်မှာ ငယ်တစ်ယောက်လုံးရှိနေတာပဲ။ ငယ့်ကို မထားခဲ့ပါနဲ့နော်"

လေးငယ်၏မျက်ဝန်းအိမ်မှ မျက်ရည်စတို့ ရစ်ဝဲလာသည်။ စကားလုံးတို့က တုန်ရီတိုးလျနေ၏။ မောင့်လက်ကိုဆုပ်ကိုင်၍ ကြိုးစားတောင်းဆိုရှာသော်လည်း မောင်သည် လေးငယ်၏လက်ကို ပုတ်ချလိုက်ပြီး-

"တောင်းပန်ပါတယ် ငယ်ရယ်။ မောင့်ကို နားလည်ပေးပါနော်။ ငယ် မောင့်အနားကနေ အပြီးအပိုင်ထွက်ခွာသွားပါတော့"

"ဖြန်း"

ကျားသစ်ပေါက်တစ်ကောင်၏ စူးစူးရဲရဲအကြည့်နှင့်အတူ လေးငယ်၏လက်ဝါးရိုက်ချက်သည် မောင့်ပါးပြင်ပေါ်သို့ လျှပ်တစ်ပြက်ရိုက်ခတ်သွား၏။ မောင်မြင်ပေမဲ့ မရှောင်မိ။ ကျေနပ်စွာပင် ငြိမ်ခံပေးခဲ့လိုက်သည်။ ချစ်လိုပါလျက် ချစ်ရခက်သည့် မောင့်အဖြစ်ကို မောင်သာသိသည်။ တော်ဝင်ပန်းကို လက်လှမ်းမိသည့် မောင့်အပြစ်မို့ လေးငယ်ခွင့်လွှတ်ဖို့ မောင်မတောင်းဆိုမိ။ မောင့်အပေါ် လေးငယ်နားလည်ပေးရန်သာ တောင်းဆိုရှာသည်။ ပိုင်ဆိုင်ခွင့်ရမှ အချစ်မည်သည်မဟုတ် စွန့်လွှတ်အနစ်နာခံခြင်းများကလည်း အချစ်စစ်မည်ပါကြောင်း တစ်နေ့မှာ လေးငယ်သိဖို့ မျှော်လင့်မိသည်။ သို့သော် ထိုအကြောင်းကိုတော့ လေးငယ်ကို ဘယ်တော့မှ မောင် ဖွင့်ပြောဖြစ်မည်မဟုတ်။ အခုတော့ လေးငယ်ပြောသမျှကို နားသာထောင်၍ ပြုသမျှကိုလည်း ကြည်ဖြူစွာ ငြိမ်ခံပေးနေလိုက်ပါသည်။

"မောင် သိပ်ရက်စက်တယ်။ မောင့်ကို ငယ်တအားမုန်းတယ် သိလား"

လေးငယ်တစ်ယောက် မောင့်ကို နာကြည်းစွာပြောဆိုပြီး မောင့်အနားကနေ ပြေး၍ထွက်သွားလေသည်။ ကျောခိုင်းထွက်ခွာသွားသော လေးငယ်၏ ကျောပြင်လေးကိုစိုက်ကြည့်တော့ ဆံနွယ်များက လေထဲတွင်လွင့်ဝဲနေ၏။ လေးငယ်၏ ကိုယ်သင်းနံ့လေးသည် လေထဲ၌ လွင့်မျောကပ်ပါလာ၏။ ငယ်နှင့် မောင့်အဖြစ်က သည်မှာပင် ပြီးဆုံးခဲ့ပြီဖြစ်၏။ နာကျင်လျက်နှင့် ကြေကွဲရပါသည်။ ကောင်းကင်၌ လမင်းသည် ထိန်ထိန်သာနေ၏။ လရောင်သည် ကျုံးရေပြင်၌ တလက်လက်ထနေ၏။ မောင့်မျက်ဝန်းအိမ်၌လည်း မျက်ရည်စတို့ ရစ်ဝဲဝေ့သီလျက်ရှိ၏။ မောင် ဘယ်လောက်ထိ လေးငယ်ကိုချစ်သည်ဆိုတာ လေးငယ်မသိ။ လေးငယ်သိသည်ကား သစ္စာမရှိသော မောင်ဟုသာဖြစ်၏။

ယခုမှစ၍ မောင့်ဘဝတွင် လေးငယ်ဆိုတာလည်း မရှိတော့ပြီ။ လမ်းဘေးဆိုင်မှ ဘီယာဘူးများဝင်ဝယ်၍ မန္တလေးတောင်ခြေရှိ အလုပ်ရုံဆီသို့ မောင်ပြန်လာခဲ့သည်။ တောင်တက်ကားလမ်းဘေးရှိ အုတ်ခုံပေါ်တွင်ထိုင်ပြီး ဘီယာဘူးကို ဖောက်လိုက်၏။ အရင်က ဘီယာဆိုတာ ဘာအရည်မှန်းတောင်မသိသော မောင်တစ်ယောက် ညအမှောင် လရောင်အောက်တွင် ဘီယာစမ်းသောက်တော့မည်ဖြစ်၏။ အနာသိက ဆေးရှိ၏ဟုဆိုပါလျှင် မောင့်ရင်ထဲက ဝေဒနာကိုကုစားရန် နည်းလမ်းတစ်ခုတော့ ရှိဦးမည်ထင်ပါ၏။

(၂)

"ဒီမှာ လွမ်းနောင်ဆိုတာရှိလား"

"ငနောင်ရေ ဧည့်သည်လာတယ် "

မန္တလေးတောင်ခြေရှိ လွမ်းနောင်ရှိရာ ကားဝပ်

❖လေးငယ်တစ်ယောက် မောင့်ကို နာကြည်းစွာပြောဆိုပြီး မောင့်အနားကနေ ပြေး၍ထွက်သွားလေသည်။ ကျောခိုင်းထွက်ခွာသွားသော လေးငယ်၏ကျောပြင်လေးကိုစိုက်ကြည့်တော့ ဆံနွယ်များက လေထဲတွင်လွင့်ဝဲနေ၏။ လေးငယ်၏ ကိုယ်သင်းနံ့လေးသည် လေထဲ၌ လွင့်မျောကပ်ပါလာ၏။ ငယ်နှင့် မောင့်အဖြစ်က သည်မှာပင် ပြီးဆုံးခဲ့ပြီဖြစ်၏။ နာကျင်လျက်နှင့်ကြေကွဲရပါသည်။ ကောင်းကင်၌ လမင်းသည် ထိန်ထိန်သာနေ၏။ လရောင်သည် ကျုံးရေပြင်၌ တလက်လက်ထနေ၏။ မောင့်မျက်ဝန်းအိမ်၌လည်း မျက်ရည်စတို့ ရစ်ဝဲဝေ့သီလျက်ရှိ၏။ ❖

ရှော့ဆိုင်လေးသို့ ထိုနေ့ နေ့လယ်ပိုင်းအချိန်တွင် လေးငယ်၏မိခင်ဖြစ်သူ ရောက်လာ၏။ လွမ်းနောင်ကို တွေ့ချင်သည်ဆို၍ ဆိုင်ရှင်က ခေါ်ပေးသည်။ အလုပ်လုပ်တာကိုပစ်ထားခဲ့ပြီး လွမ်းနောင် ထွက်တွေ့ခဲ့သည်။ လေးငယ်၏မိခင်သည် လွမ်းနောင်ကို ခြေဆုံးခေါင်းဆုံးကြည့်၏။ ထို့နောက် စကားဆိုလာသည်။

"သား အန်တီက လေးငယ်ရဲ့မေမေပါ"

"ဟုတ်ကဲ့ သားသိပါတယ် အန်တီ"

"သား အန်တီရဲ့သမီးကို အဆက်သွယ်ဖြတ်ပေးဖို့ သားဆီ အန်တီလာပြီး မေတ္တာရပ်ခံတောင်းဆိုတာပါ သား "

အန်တီသည် တည်ငြိမ်ရင့်ကျက်စွာနှင့် စကားလုံးများကို ညင်သာစွာပြောနေသော်လည်း လွမ်းနောင်အတွက်တော့ ရင်ကိုပြတ်ရှစေသော ဓားသွားများပမာဖြစ်၏။ နာကျင်စေသော အန်တီစကားလုံးများကို ချေပရန် လွမ်းနောင်ကြိုးစားပြောကြည့်သည်။

"ဘာဖြစ်လို့လဲ အန်တီ။ သားက လေးငယ်ကို အမှန်တကယ်မြတ်နိုးစွာနဲ့ ချစ်ခဲ့မိတာပါ"

လွမ်းနောင်စကားကြောင့် အန်တီသည် တစ်ချက်ပြုံးသွား၏။ အပြုံးနှင့်အတူ လွမ်းနောင်ကို ကျရှုံးစေမည့်စကားလုံးများကို ကျနစွာပစ်လွှတ်ပါတော့သည်။

"သားက အန်တီသမီးကို တကယ်ချစ်တာဆိုရင် အန်တီသမီးကို ဆင်းရဲတွင်းထဲ ဆွဲမခေါ်ချင်စမ်းပါနဲ့ သား။ အန်တီတို့က သမီးလေးကို အများကြီးမျှော်လင့်ထားတာ။ ကျောင်းမပြီးမချင်း ရည်းစားလုံးဝမထားပါနဲ့လို့ အကြိမ်ကြိမ်မှာထားတဲ့ကြားက သားနဲ့မေတ္တာမျှခဲ့ကြတယ်။ တကယ်တော့ သားရော၊ သမီးရော ပညာသင်ရမဲ့အရွယ်လေးတွေပဲ ရှိပါသေးတယ်ကွယ်။ ပညာသင်ရမဲ့အရွယ်မှာ ကြင်ယာရှာမိကြရင် အနာဂတ်ဘဝကို ပညာမပါဘဲ တည်ဆောက်နိုင်ကြလို့လား။ မပြီးဆုံးတဲ့ပညာရေးနဲ့ တည်ဆောက်တဲ့ဘဝဟာ ပြည့်စုံနိုင်ပါ့မလား"

အန်တီသည် လူကြီးလူကောင်းဆန်စွာ စကားလုံးများကို ထိထိရောက်ရောက် သိကုံးပြောဆိုနိုင်ပေ၏။ အန်တီပြောသည့်စကားလုံးများ၌ လွမ်းနောင်နစ်မျောနေမိသည်။ လွမ်းနောင်၏မျက်ဝန်းကို စိုက်ကြည့်၍ အန်တီက စကားဆက်ပြောသည်။

"သားလဲ မိသားစုအခက်ခဲကြောင့် လုပ်ငန်းခွင်ဝင်နေရတာကို အန်တီတို့ နားလည်ပါတယ်။ ဒါပေမဲ့ သမီးလေးကိုတော့ အန်တီတို့က ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်တဲ့အထိ အန်တီတို့ကျောင်းထားပေးရမယ်။ ပညာရေးနဲ့ခင်းမဲ့ သမီးဘဝတက်လမ်းကို အရွယ်မရောက်တဲ့အချစ်ကိစ္စနဲ့ ဆုံးခန်းမတိုင်စေချင်ဘူးသား။ လေးတန်းအရွယ်မှာ ရည်းစားထားရင် လေးတန်းအရွယ်နဲ့ပဲညားမယ်။ ဆယ်တန်းအရွယ်မှာ ရည်စားထားတတ်ရင် ဆယ်တန်းအရွယ်နဲ့ပဲ ညားမယ်။ တက္ကသိုလ်ရောက်မှ ရည်းစားထားရင်တော့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူချင်း ညားကြမပေါ့။ အေး ဘွဲ့ရပြီးမှ ရည်းစားထားရင်တော့ ဘွဲ့ရပညာတတ်ခြင်း ညားကြမှာပေ့ါကွာ။ ဘာလို့လဲဆိုတော့ ပညာလဲစုံပြီ။ စဉ်းစားတွေးခေါ်ပြီး ပိုင်းခြားနိုင်တဲ့ အသိဉာဏ်နဲ့ ရွေးချယ်နိုင်စွမ်းလဲရှိပြီ။ အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကစားပြီးချစ်ရတဲ့ အကျိုးဆက်နဲ့မတူတော့ဘူး။ အခု သားတို့အရွယ်က ငယ်ပါသေးတယ်ကွယ်။ ချစ်တာဟာ အပြစ်မဟုတ်ပေမဲ့

စာမျက်နှာ ၂၅ သို့ ➤

# ငရုတ်ကောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၁၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုတော ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၁၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၀၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၁၁၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစပါးခင်းများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့် နည်းပညာများနှင့် စိုက်ပျိုးရေးသွင်းအားစုများကို အားဖြည့်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့မှာ အခုနှစ် မိုးစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေကို စပါးမစိုက်မီ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု စပါး ၁၄၀၂၃ ဧက လျာထားစိုက်ပျိုးနေပြီး ဒီနေ့ထိ ၁၁၁၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့စပါးခင်းတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ စပါးတွေကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# လှည်းကူးမြို့နယ် ကြို့ကုန်းရာဘာခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် ဆင်းရဲမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ ကြို့ကုန်းရာဘာခြံကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကြို့ကုန်းရာဘာခြံကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကြို့ကုန်းရာဘာခြံကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးထံမှ သိရသည်။

ယယ်လေး

➤ စာမျက်နှာ ၂၄ မှအဆက်

မချစ်သင့်တဲ့အချိန်မှာ ချစ်တာကကြတော့ ဘဝတက်လမ်းကို ပိတ်ဆို့စေတတ်တဲ့ အဟန့်အတားတစ်ခုပဲသား။ ဒါကြောင့် သားတို့ချစ်ခြင်းကို အန်တီတို့ ခွဲရလိမ့်မယ်"

အန်တီ၏ စကားလုံးများသည် လွမ်းနောင်ရင်ကို ထိမှန်စေ၏။ ချစ်သူဘဝကောင်းစားဖို့အရေး နှလုံးသားကို စတေးပေးရမည့်အဖြစ်သည် တွေးကြည့်ရင်းအရှိုက်ခက်စေ၏။ တိတ်ဆိတ်ငြိမ်သက်နေသော လွမ်းနောင်ရင်ထဲသို့ အန်တီသည် စကားလုံးများပစ်ပို့ပြန်၏။

"သမီးလေး ရည်းစားထားတာကို အန်တီမှာ သူ့အဖေမသိအောင်လဲ ဖုံးဖိထားရတယ်သား။ အန်တီယောကျ်ားက ကင်ဆာဝေဒနာခံစားနေရတာမို့ သမီးလေးအတွက်နဲ့ စိတ်မထိခိုက်စေလိုဘူး။ အန်တီတို့ရဲ့ အနာဂတ်ဟာ သမီးလေးပဲရှိတာ။ ဒါကြောင့် အရွယ်မရောက်သေးတဲ့ သားတို့ချစ်ခြင်းကို အန်တီတို့ ခွဲရလိမ့်မယ်"

"ဒါဆို အန်တီသမီးခံစားနေရမှာ ထည့်မတွက်ဘူးလား။ လေးငယ်ကိုရော သည်အကြောင်းတွေပြောမပြဘူးလား အန်တီ"

အန်တီက တစ်ချက်ပြုံးရယ်သည်။ ပြီးမှ စကားကို အေးအေးဆေးဆေးဆက်ပြော၏ ။

"ခံစားရတာတွေက ခဏပါသားရယ်။ ကြာတော့လဲ မေ့ပျောက်သွားမှာပါပဲ။ အန်တီသမီးကိုလဲ နားလည်အောင် ဆုံးမသွန်သင်ပေးနေတာပါပဲ။ ဆယ်ကျော်သက်အရွယ်မို့ မိုက်ရူးရဲဆန်တဲ့ လူငယ်စိတ်ထားတွေကြောင့် သားဆီကိုလဲ အန်တီလာပြောရတာပါ။ အန်တီစကားတွေကို စိတ်ရှည်စွာနားထောင်ပေးတဲ့သားကိုလဲ ကျေးဇူးတင်ပါတယ်။ အန်တီပြန်လိုက်ပါအုံးမယ်"

လေးငယ်၏ မိခင်သည် ပြောလိုရာများပြောဆို၍ အဖြူရောင်အိမ်စီးကားလေးနှင့် ပြန်သွား၏။ လွမ်းနောင်မှာတော့ အတွေးများစွာနှင့် ကျန်နေခဲ့ရသည်။

(၃)

နှစ်နှစ်ကြာငြိတွယ်လာခဲ့သောသံယောဇဉ်ကြိုးကို တိခနဲရုတ်တရက်ဖြတ်ရန်ခက်လှသည်။ ကျောင်းအတူတက်ခဲ့စဉ်က လေးငယ်နှင့် သွားအတူစားအတူရှိခဲ့ကြသော အတိတ်နေ့ရက်များက မေ့ရန်ခက်သည်။ လေးငယ်က ပိုက်ဆံရှိ လူကုံထံအသိုင်းအဝိုင်းကဖြစ်သည်မို့ မကြောင့်မကြမတောင့်မတနေနိုင်သော်လည်း လွမ်းနောင်မှာ ခြေမသန်တော့သည့် ဖခင်ဖြစ်သူနှင့်အမေအိုကို လုပ်ကျွေးရန် ကျောင်းထွက်ခဲ့ရသည်။ ဖခင်ကြီးသည် ယခင်က ဂေါဝိန်ဆိပ်ကမ်း၌ ကုန်ထမ်းသူဖြစ်၏။ နင်းပြားပေါ်မှ မတော်တဆခြေချော်ကျသည့်ဒဏ်နှင့် ခြေထောက်ကျိုးခဲ့ရရှာသည်။ ဖခင်ကြီးလုပ်အားကျသွားသောအခါ အိမ်၏စားဝတ်နေရေး အထောက်အကူပြုရန် လွမ်းနောင် ပညာရေးကိုစွန့်လွှတ်ခဲ့ရသည်။ ယခုလည်း အသက်နှင့်အမျှချစ်ရသူကိုပါ ထပ်မံ၍ဆုံးရှုံးရတော့မည်။ ဒုက္ခဟူသည် ရေများရာ၌သာရွာတတ်သော မိုးပမာလားဟုပင် လွမ်းနောင် တွေးနေမိ၏။ ညနေမိုးချုပ်စအလုပ်သိမ်းချိန်တွင် မြတ်နိုးစွာချစ်ရသော လေးငယ်ကို ဆုံနေကျကျုံးဘေးနေရာလေးသို့လာတွေ့ရန် လွမ်းနောင် ချိန်းဆိုလိုက်သည်။ သို့သော် ယခုတွေ့ဆုံခြင်းသည် လွမ်းနောင်အဖို့ ယခင်လို ပျော်ရွှင်ကြည်နူးစရာကောင်းသောဆုံတွေ့ခြင်းမျိုးဖြစ်မည်မဟုတ်ခဲ့ပေ။

"ပျော်ချင်တိုင်းလည်း မပျော်ရပါ x x x ချစ်မိသူတိုင်းလည်း x x x ချစ်ခြင်းမခံခဲ့ရပါ x x x မသိသေးတဲ့ ဒီလောကရဲ့အထာ x x x အချစ်ဆိုတာ x x x လျှို့ဝှက်ချက်တစ်ခုပါ x x x

ညဉ့်ဦးယံ၏တိတ်ဆိတ်မှုလေးကို ထီတွန်းလှည်းလေးက လှုပ်နှိုးသွား၏။ ဖွင့်ထားသည့် စိုင်းထီးဆိုင်သီချင်းသံက ငိုချင်သူကို လက်တို့ဆိုသလိုဖြစ်နေသည်။ လေးငယ်မသိသော လေးငယ်မိခင်၏ လာရောက်တားမြစ်မှုကို ထာဝရလျှို့ဝှက် ထားရတော့မည်ဖြစ်၏။ ငယ်သိသည်ကား သစ္စာမရှိသောမောင်ဟုသာဖြစ်၏။ ငယ့်အတွက် သစ္စာမဲ့သောမောင်အဖြစ်နှင့် လွမ်းနောင် ကြေကွဲနေရပါတော့မည်။

# အမေ့ရွာ

- အညာမြေ ထန်းရည်တောက
  တမာတွေ အရမ်းပေပေါပါတဲ့
  အလွမ်းပြေပြော အမေ့ရွာ။

- မှိုင်းညိုညို
  ဆိုင်းစိုစို အပင်တန်းဘေးက
  သိုင်းမြိုသလို အဝင်လမ်းကိုဖြင့်
  အစဉ်လွမ်း မမေ့နိုင်ပြီ
  ယနေ့တိုင် တရေးရေး
  တွေးဆရင်မှာ။

- စမ်းရေကြည် ချောင်းအကွေ့မှာလ
  လွမ်းစေတီ ဟောင်းမမေ့နိုင်ဘု
  နှောင်းခလေ့ ဇာတိအညာ
  မလာမိတာ ရွှေရင်ဆို့။

- အမေ့ရွာ
  တစ်နေ့မှာ အရောက်လှမ်းခဲ့မယ်လို့
  မမေ့သာ မပျောက်လွမ်းမိပါရဲ့
  မထောက်တမ်း စာလွှာတင်
  အခါခါပင် မှန်းမျှော်တမ်း
  (ကွယ်တို့ရေ...)
  လွမ်းမျက်ရည်စို့။ ။

မယ်မင်းခ(စေရာ)

# မကွေးမြို့နယ် စမ်းမကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း စစ်ဆေး

မကွေး ဩဂုတ် ၁၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် စမ်းမကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ စမ်းမကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၃၃၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊ လုပ်ငန်းများပြီးစီးပါက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီကို စနစ်တကျ လုပ်ငန်းလွှဲပြောင်းအပ်နှံရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၁၁ ဒသမ ၈၅၉ သန်းဖြင့် စမ်းမကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို Victory Smile Family ကုမ္ပဏီက တာဝန်ယူ၍ ဇူလိုင်လစတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၄၈၀ မှ လူ ၂၀၈၂ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာတွင် ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

အိမိုးမိုး

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ရုပ်ဆိုးတဲ့ကာလသားတွေ အင်မတန်ကြိုက်တဲ့ ဖိုးစိန်ရဲ့အငိုအဟဲများ



ဖိုးစိန်တို့ခေတ်က ကာလသားတွေများ အပျိုလှည့် အပျိုပိုးကြရင်၊ သီချင်းတွေဆိုပြီးပိုးခဲ့ကြတာတဲ့။ ဘယ်သူ့သီချင်း၊ ဘယ်ဇာတ်မင်းသားရဲ့သီချင်းနဲ့ပိုးကြသလဲဆိုတော့ အဲဒီတုန်းကခေတ်အစားဆုံးက ဖိုးစိန်လေ။ နောက်ပြီး သူ့သီချင်းတွေက မင်းကုသနဲ့ ပပဝတီလို ရုပ်ဆိုးတဲ့သူတွေဘက်ကနေလိုက်ဆိုထားတာဆိုတော့ ကာလသားတွေကြိုက်ကြတာလဲမပြောနဲ့။ အဲဒီထဲက အံကိုက်နေတာကတော့ ရုပ်ခပ်ဆိုးဆိုးကာလသားတွေပါပဲ။

ဇာတ်မင်းသားဖိုးစိန်တို့ အဆိုအငိုကောင်းပုံများ ဟိတ်ကြီးဟန်ကြီးနဲ့ကို ခိုင်ခိုင်ခန့်ခန့်ကျော်ခဲ့တာပါ။ ဘာလို့ဒီလိုကျော်ခဲ့ရတာလဲဆိုတော့ တစ်ခေတ်ဆန်း၊ တစ်သံပြောင်းဆိုနိုင်လို့ကိုကျော်တာပါ။ ဖိုးစိန်မပေါ်ခင်က မြန်မာ့ဇာတ်သဘင်တွေမှာ သံမှန်ပဲဆိုခဲ့ကြတာပါ။ ဖိုးစိန်တို့ခေတ်ရောက်လာတော့ သံမှန်ကိုစွန့်ပြီးမှ ၅ ပေါက်သံကို ပြောင်းဆိုကြပါတယ်။ ၅ ပေါက်သံဆိုတာက သံမှန်ထက်ပိုသာတာ၊ ကြည်တာ၊ လွင်တာမို့ ဖိုးစိန်တို့များ အသံကောင်းလှချေကလားလို့ လူတိုင်းက ချီးမွမ်းကြရတာပါ။

ဖိုးစိန်မပေါ်ခင်မှာ မန္တလေးကနာမည်ကြီးအဆိုတော်တွေရှိပါတယ်။ ဘုန်းကြီးပေတဲ့။ သာပြောကလေးတဲ့။ တပယ်ခင်သစ်တဲ့။ ရှိကြတယ်။ အဲဒီအဆိုတော်တွေဟာ ရတနာပုံမန္တလေးခေတ်မှာတော့ တကယ့်ကို လက်ရွေးစင်တွေပါပဲ။ ဘာလို့လဲဆိုတော့ နန်းတွင်းက ဘုရင်ရှေ့မှာ ဆိုခဲ့ကြတဲ့သူတွေကိုး။ ပြောစမှတ်တစ်ခုကတော့ ကိုသာပြောပါပဲ။ ဇာတ်စင်ပေါ်မှာ သူသီချင်းတက်ဆိုနေတုန်း မအောင့်နိုင်လို့ အပေါ့စွန့်မိတာ။ အဲဒီအချိန် ပွဲကြည့်တာ နေရာမရလို့ စင်အောက်ကနေကြည့်နေတဲ့လူက သူ့အပေါ် အပေါ့စွန့်ရမလားဆိုပြီး စိတ်ဆိုးလို့ အပေါ့စွန့်တဲ့လူ ဘယ်သူလဲ ရန်လုပ်မလို့ကြည့်တော့ ဟာအဆိုတော်ကိုသာပြောလား။ ဒါဖြင့်ဆက်သာ စွန့်ပါဗျာလို့ ခွင့်ပေးတော့တာတဲ့ ကဲ။

"ရေမျော၍အလာမှာ၊ ဖေဇော့ဗျာပါအပူဆိုက်ပါလို့၊ ယူပိုက်ကာ ဆယ်တင်မိပါပေါ့၊ ငယ်လင်မရှိပါပြော"ဆိုတဲ့ ဒီငိုချင်းကို ကိုသာပြောတို့လည်း ၅ ပေါက်သံနဲ့ဆိုခဲ့ကြတာပဲ။ ဒါပေမယ့် ဖိုးစိန်ကဆိုလိုက်တော့ ဆိုပေါက်ပြောင်းလိုက်တဲ့အခါ ဖိုးစိန်ရဲ့အဆိုကို လူတွေက ပိုကြိုက်ကုန်ကြတာပေါ့။

ဖိုးစိန်ဟာ ဒီလိုမူရင်းအသံကို ပြောင်းလဲပြီးမှ ဆိုသံတစ်သံပြောင်းဆိုတဲ့အပြင် သူ့မှာက ကိုယ်ပိုင်အနေနဲ့ ဘယ်သံကရှိနေတော့၊ နောက်ပြီးဖိုးစိန်ဆိုတာက အသံပေါ်တဲ့လူမဟုတ်လား။ ဒီတော့ နောက်မင်းသားတွေဆိုတာ ဖိုးစိန်အပြော ဖိုးစိန်အငိုတွေကို လိုက်တုကြရတော့တာပေါ့။ အရင်ကဆို နှစ်ပါးသွားကကြတဲ့နေရာမှာ မင်းသားသီချင်း၊ မင်းသမီးသီချင်းဆိုပြီး သီးသန့်ရှိပါတယ်။ နောက်ပိုင်းတော့ ဒီသီချင်းတစ်ပုဒ်တည်းကိုပဲ အတူတူ အယူအပွေ့တွေလုပ်ဆိုကြပါရောလား။ ဒီတော့ ဘာဖြစ်သလဲ။ မင်းသားဆိုနေတဲ့အချိန် မင်းသမီးကနားလို့ရတာပေါ့။

အသက် ၂၀ ကနေ အသက် ၄၀ လောက်ထိ ဖိုးစိန်ဟာ အသံကပေါတုန်း။ ဆိုနိုင်တုန်း အော်နိုင်တုန်း၊ ဟဲနိုင်တုန်းဆိုတော့ သူ့သီချင်းတွေကကောင်းခဲ့တာပေါ့။ အဲဒီတုန်းကများ ဖိုးစိန်ရဲ့ ပွဲကြည့်ပရိသတ်တွေဆိုတာ တစ်ညတစ်ညကိုဦးရေ ၂၀၀၀ ကျော်ကနေ ၃၀၀၀ ထိရှိခဲ့တယ်။ အဖိတ်နေ့ည၊ စနေနေ့ည၊ အထူးညလိုပွဲတွေမှာ ပရိသတ်က ၃၀၀၀ ကျော်တယ်။ ဘယ်လောက်များရုံထဲလူတွေများလိုက်သလဲဆိုရင် ဆေးပေါ့လိပ်သောက်တတ်တဲ့လူတွေ၊ ဆေးလိပ်ပြာချစရာ နေရာမရှိလောက်အောင်ကို လူတွေက စည်ကားတာတဲ့။ ဖိုးစိန်ကတော့ အဲဒီလို ပရိသတ်မျိုးကို ရွက်ဖျင်တဲရုံထဲသွင်းထားပြီး အသံချဲ့စက်မပါဘဲ အားလုံးကြားအောင် ဆိုနိုင်တဲ့မင်းသား ဆိုပါလားဗျာ။

သဘင်သည်တွေမှာက "မိန်းမနှာ၊ ယောကျ်ားအာ"ဆိုပြီး ပြောစမှတ်ရှိပါတယ်။ အာဆိုတာ အာခေါင်သံကို ပြောတာပါ။ ဖိုးစိန်က အာခေါင်သံအင်မတန်ကောင်းသူပါ။ ဌာန်လေးမျိုးကိုလည်းပါအောင် ဆိုနိုင်ပါတယ်။ ဖိုးစိန်အသံက မြေကျလည်းအင်မတန်သာ၊ အသံကျလည်း အင်မတန်နာတဲ့အသံမျိုးပါ။ အချို့မင်းသားတွေများ အသံကောင်းကြပေမယ့် မြေကျမသာတော့ နားငြီးပါတယ်။ ဖိုးစိန်အသံကတော့ မြေကျသာလို့ နားဝင်ချိုလှပါတယ်။

ဖိုးစိန်ဆိုတာက သူ့အသက် ၃၆ နှစ်လောက်ထိ ဘာကိုမှင့်ညာစရာမလိုလောက်အောင် အသံကောင်းသူပါ။ ငါလုပ်လိုက်မဟဲ့ဆိုရင် လုပ်တိုင်းဖြစ်နေတဲ့ အချိန်ပေါ့။ ပစ်ခတ်ပြီး အော်ချင်တိုင်းအော်၊ တင်ချင်တိုင်းတင်လို့လည်းရပါတယ်။ ဖိုးစိန်ဟာ အသက် ၄၅ နှစ်လောက်ထိကို အော်နိုင်၊ ဆွဲနိုင်ခဲ့တဲ့သူပါတဲ့။

ဖိုးစိန်တို့ခေတ်က သီချင်းတွေဆိုရင် "အဟဲ"တွေလည်းဆိုတတ်ကြတယ်။ အဟဲဆိုတာကို နားလည်သလိုပြောရရင်တော့ ကိုယ်ကြိုက်တဲ့နေရာမှာ သီချင်းကိုဆွဲဆွဲဆိုရတာမျိုးပါ။ ဒီတော့လား အရသာရှိတာပေါ့။ ဖိုးစိန်သီချင်းအဟဲတွေကို ဘယ်သူတွေက ဆိုတတ်ကြသလဲဆိုတော့ လက်လုပ်လက်စား၊ ဆင်းရဲသားတွေပေါ့။ ဥပမာထန်းသမားက ထန်းတက်နေရင်းက တောတောင်ထဲမှာဖိုးစိန်ကြီးသီချင်းကို အဟဲလေးနဲ့ ဆိုလိုက်လို့ကတော့လား၊ အသံကလည်း ကောင်းမယ်ဆိုရင် လယ်ထဲယာထဲမှာ အလုပ်လုပ်နေကြတဲ့ သူတွေတောင်မှ အလုပ်ဆက်မလုပ်ဘဲ နားပြီးမှနားထောင်ကြရတဲ့ထိပါပဲ။

ဒီလိုအဟဲသီချင်းက အသံပေါတဲ့လူတွေမှ ဆိုနိုင်ကြတာတဲ့။ သီချင်းကိုဟဲပြီး ဆိုလိုက်တော့ အသံပို၊ အသံရှည်တွေပါထွက်လာပြီး သံရှိန်က လွှတ်ကောင်းလာတော့ ပိုနားထောင်လို့ကောင်းတာပေါ့။ ဖိုးစိန်လို သီချင်းဟဲနိုင်ဖို့က တော်တော့လူမလွယ်ဘူးတဲ့။ သီချင်းဆိုတဲ့အခါ တီးလုံးကရှေ့ကသွား၊ သီချင်းက နောက်ကလိုက်ဆိုတာမျိုးကို ထိပ်နင်းတယ်လို့ ခေါ်ကြသတဲ့။ နှစ်ပါးသွားတွေမှာမဟုတ်ဘဲ ငိုချင်းတွေမှာ အဟဲထည့်ဆိုတာမျိုးကျတော့ အသံဆိုတာ ပိုသာပြီး"တေတျာ"သတ်တဲ့သဘောမျိုးတဲ့။

ဖိုးစိန်သီချင်းဆိုရာမှာ အပင်ပန်းခံတတ်တယ်။ အလုပ်ကိုကြိုးစားပုံ၊ ပရိသတ်အပေါ် စေတနာထားတဲ့ ဖိုးစိန်လိုမင်းသားကတော့ ရှားပါတယ်။ ဖိုးစိန်ဟာ တစ်လကို ပွဲ ၁၈ ချီ၊ အချီ ၂၀ လောက်ကရပါတယ်။ တစ်နှစ် တစ်နှစ်မှာဆို ၁၀ လကျော်လောက်ကိုကရတာတဲ့။ အဲဒီလိုပွဲဆက်များပေမဲ့ ဖိုးစိန်မှာအသံနာတယ်၊ အသံဝင်တယ်လို့မရှိဘူး။ တစ်ခုတော့ရှိတယ်။ ဖိုးစိန်က အသံဝင်မှာစိုးလို့တဲ့ ဩဇာသီးမစားဘူး။ ဝက်သားမစားဘူး။

**❖ "မာန်ဝင်ကာ အလှဂုဏ်မကိုးလိုက်ပါနဲ့ အန်ချင်စရာငါ့ပုံက ဆိုးပေမဲ့"ဆိုတဲ့ ကုသငိုချင်းဟာ ရုပ်ဆိုးတဲ့ယောကျ်ားကို လှတဲ့ မိန်းကလေးကကြိုက်ဖို့လို့ ဆွယ်တရားဟောရာမှာ အကောင်းဆုံး သီချင်းတဲ့။ ရုပ်ဆိုးတဲ့လူဟာ အတည်အခံအခြေစုတ်ပေမဲ့၊ ရွှေထုပ်တဲ့မြပဝါပါပဲလို့ အဓိပ္ပာယ်ရတော့ ရုပ်မလှတဲ့ ကာလသားတွေ အတွက်က ခံတွင်းတွေ့စရာဆိုတော့။ အဲဒီခေတ်ကာလသားတွေဟာ ဖိုးစိန်ရဲ့ငိုချင်းတွေနဲ့ မိန်းမပိုးခဲ့ကြတာပါတဲ့ဆို ကဲ. . . အံ့သြစရာ မကောင်းဘူးတဲ့လားဗျာ။ ❖**

ငါ့အသံက အခုမှပညာပါလာတာကွ။ ဟိုတုန်းက အသံက ပညာပါတာမဟုတ်ဘူးလို့ဖိုးစိန်က သူ့တပည့်တပန်းတွေကို ပြောပြတာတဲ့။ ဘာလို့လဲဆိုတော့ အသက်ကြီးလာတဲ့အခါ အသံကမပေါတော့ မရှိမဲ့ရှိမဲ့အသံလေးကိုပဲချွေတာဆိုရတာ၊ အမှားအယွင်းမရှိအောင် သတိထားဆိုဆိုနေရတာကိုများ ပြောချင်တာလားမသိပါဘူး။

ဖိုးစိန်အဆိုကောင်းတယ်ဆိုတာက သူသီချင်းဆိုရင် စကားလုံးတွေကို အပီအသဆိုတာတဲ့။ ကဗျာတွေဆိုရင် ရွတ်ရင်ပိုကောင်းတာတဲ့။ လူဆိုတာ စကားပီ၊ နားကြားရှိရတယ်လို့ လူကြီးသူမတွေက ဆုံးမတတ်တော့။ ဖိုးစိန်တို့လို သဘင်သည်တွေ အတွက်က ပိုအရေးကြီးတာပေါ့။ ဖိုးစိန်ဟာ အဆိုအဟဲမှာ တော်သလိုပဲ။ အခြားစာပေဗဟုသုတတွေကိုလည်း ကြိုးစားလေ့လာတတ်တဲ့သူတဲ့။ ဒီတော့လား ဖိုးစိန်ကြီးဆိုတာ ဇာတ်စင်ပေါ်ကနေ ပရိသတ်ကို ဖမ်းစားနိုင်အောင်ကလဲ စကားလုံးတွေကလည်း ကြွယ်တာကိုး။ ဖိုးစိန်က သူ့အပြောနဲ့လည်း ပရိသတ်ကို ဖမ်းစားတတ်သတဲ့။

ဖိုးစိန်အသံကောင်းတာက မွေးရာပါအသံကိုက ကောင်းတာ။ အဲဒီထဲ ဖိုးစိန်က သူရဲ့မူလအသံကို ကောင်းသထက်ကောင်းအောင်လဲ အမြဲပြုပြင်ပြီး ကြိုးစားနေတတ်တဲ့သူတဲ့။ ဖိုးစိန်က အသံကောင်းအောင် ဝမ်းကြောလျှော့ပေးဖို့ အနှိပ်ခံသတဲ့။ ဝမ်းကိုပျော့အောင်ဂရုစိုက်တယ်။ အားကုန်မည့်အလုပ်မျိုးကိုလည်းရှောင်သတဲ့။ ဖိုးစိန်အမြဲတမ်း စားတာကတော့ ကြက်သားဆီပြန်ဟင်း။ ငရုတ်သီးနဲ့ငါးပိကြော်ကို သံပုရာရည်ညှစ်ပြီးမှစားတာ။ စားတော့လဲ နည်းနည်းပဲစားတာ။ ကော်ဖီတော့သောက်သတဲ့လေ။

ဖိုးစိန်တို့ခေတ်က ငိုချင်းတွေနဲ့။ အဲဒီခေတ်ကာလသားတွေဟာ လူပျိုလှည့်ခဲ့ကြတာတဲ့။ ခက်တာကငိုချင်းဆိုပေမဲ့ သူ့ငိုချင်းတွေက ရင်ထဲဆို့စရာမပါဘဲ အသံကလည်းသာ၊ ပြီးတော့အကန်အကျောက်၊ အပိုးတွေများရေးထားတာ အင်မတန်ပြောင်မြောက်တော့ ငိုချင်းလို့သာပြောတာ၊ ကာလသားတွေကဖြင့် လသာလမ်းလျှောက်ဆိုလို့ကောင်းတဲ့ သီချင်းတွေဖြစ်နေတော့တာပေါ့။

"မာန်ဝင်ကာ အလှဂုဏ်မကိုးလိုက်ပါနဲ့ အန်ချင်စရာငါ့ပုံကဆိုးပေမဲ့"ဆိုတဲ့ ကုသငိုချင်းဟာ ရုပ်ဆိုးတဲ့ ယောကျ်ားကို လှတဲ့မိန်းကလေးက ကြိုက်ဖို့လို့ ဆွယ်တရားဟောရာမှာ အကောင်းဆုံးသီချင်းတဲ့။ ရုပ်ဆိုးတဲ့လူဟာ အတည်အခံအခြေစုတ်ပေမဲ့၊ ရွှေထုပ်တဲ့မြပဝါပါပဲလို့ အဓိပ္ပာယ်ရတော့ ရုပ်မလှတဲ့ ကာလသားတွေအတွက်က ခံတွင်းတွေ့စရာဆိုတော့။ အဲဒီခေတ်ကာလသားတွေဟာ ဖိုးစိန်ရဲ့ငိုချင်းတွေနဲ့ မိန်းမပိုးခဲ့ကြတာပါတဲ့ဆို ကဲ. . . အံ့သြစရာမကောင်းဘူးတဲ့လားဗျာ။

ဖိုးစိန်ရဲ့သီချင်းတွေကို ကာလသားတွေအင်မတန်ကြိုက်ကြတာကတော့ သူ့သီချင်းတွေထဲမှာက အငိုတွေအဟဲတွေပါလို့ပါပဲ။ ဖိုးစိန်သီချင်းဆိုရတော့ ခံစားချက်ကလည်းပါ၊ အငိုအဟဲလေးတွေနဲ့ဆိုရတော့ ဖိုးစိန်နေရာ ကိုယ်ကိုယ်တိုင်ပဲ ဝင်နေရသလိုလို ခံစားမှုရတော့ ဖိုးစိန်ရဲ့သီချင်းတွေကို ကာလသားတွေက ကြိုက်ကြတော့တာပေါ့။ အဲဒီထဲက ရုပ်ဆိုးတဲ့ကာလသားတွေက ရှေ့ဆုံးကပါနေတာကိုတော့ ပြောစရာတောင်လိုတော့မှာမဟုတ်တော့ပါဘူးဗျာ။

**ကိုးကား**

**- လူထုဒေါ်အမာရဲ့အောင်ဗလဖိုးစိန်စာအုပ်**

**မောင်သင်းထုံ(ကျောက်မဲ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၅၀၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဒီပဲယင်း ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၅၀၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၄၇၇၀၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၅၀၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ ၄၇၇၀၃ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ စတဲ့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မတ်ပဲဧက ၁၃၀၊ ပဲတီစိမ်း ၃၁၄၅၆ ဧက၊ ပဲစင်းငုံ ၁၉၀၁၄ ဧက စုစုပေါင်းဧက ၅၀၆၀၀ ဖြစ်ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မတ်ပဲ ၁၆၇၂ ဧက၊ ပဲတီစိမ်း ၂၀၇၈၇ ဧက၊ စွန်တာပြာ ၅၀၄၃ ဧက၊ ပဲစင်းငုံ ၂၀၂၀၁ ဧက စုစုပေါင်း ၄၇၇၀၃ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သည့်မျိုးကောင်းမျိုးသန့်၊ သွင်းအားစု၊ ရိတ်သိမ်းချိန်လွန်နည်းပညာ စသည့် အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်း ၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ကျုံပျော် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်း ၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်း ၃၆၁ ဧကကို ယခုနှစ် ဖွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကွမ်း ၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ကွမ်း ၃၆၁ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါပြီ။ ကျုံပျော်မြို့နယ်မှာ မိုးသီးနှံတွေကို ဒီနှစ် ဖွန်လပထမပတ်ကတည်းက စိုက်ပျိုးခဲ့တာပါ။ အခု စိုက်ပျိုးထားတဲ့ကွမ်းတွေက မိုးသီးနှံစိုက်ပျိုးရာသီမှာ စိုက်တဲ့အပင်ဖြစ်လို့ မိုးနဲ့ရေဘေးအန္တရာယ်ကိုသတိထားဂရုစိုက်နေရတာပါ။ ကျုံပျော်မြို့နယ်မှာ ကွမ်းအပါအဝင် မိုးသီးနှံတွေအားလုံးအခက်အခဲမရှိလျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကွမ်းအပါအဝင် မိုးသီးနှံများအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းဌာနများနှင့် ဒေသခံတောင်သူများ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# လှိုင်းဘွဲ့မြို့နယ် အောက်ရေပူကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်းဘွဲ့ ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ရေပူကျေးရွာအုပ်စု အောက်ရေပူကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက စီမံကိန်းလက်စွဲစာစောင်ပါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်း ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အောက်ရေပူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ် ၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လူ**

# ကြာအင်းဆိပ်ကြီးမြို့နယ် ဂုမ္ဘိကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေထုတ်ချေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုမ္ဘိကျေးရွာ၌ ကျေးရွာမတည်စီမံကိန်းရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် VRFPစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဂုမ္ဘိကျေးရွာ၌ VRFPစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ VRFP စီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်း အသင်းသား၊အသင်းသူ ၄၅ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၆၉ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# အောင်လံမြို့နယ် ညောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**အောင်လံ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကိုင်းကျေးရွာအုပ်စု ညောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းဝန်ထမ်းများက ညောင်ကိုင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ သတ်မှတ်ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှုရှိ၊ မရှိ၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိမရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုရှိ၊မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ညောင်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀၃ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုလှိုင်**



# ကမ္ဘာပေါ်ရှိ ရှားပါးတိရစ္ဆာန်များအကြောင်း အပိုင်း(၂)

ခိုင်ဇင်

ရှားပါးမျိုးစိတ်ဆိုတာ အလွန်ရှားပါးကာ တွေ့ရခဲတဲ့ တိရစ္ဆာန်မျိုးစိတ်တွေဖြစ်ပါတယ်။ အဲဒီတိရစ္ဆာန်တွေဟာ တဖြည်းဖြည်းနဲ့ရှားပါးပြီး ပျောက်ကွယ်လုနီးပါးဖြစ်နေတာကြောင့် မျိုးသုဉ်းလုနီးပါးခြိမ်းခြောက်ခံတိရစ္ဆာန်စာရင်းမှာ ပါလာတာဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာနိုင်ငံတွေရဲ့ အစိုးရတွေ၊ ပရဟိတအဖွဲ့တွေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းတွေက အဲဒီမျိုးသုဉ်းလုနီးပါးရှားပါးမျိုးစိတ်တွေကို ထိန်းသိမ်းစောင့်ရှောက်မှုတွေ အရေးတယူပြုလုပ်လာကြပါတယ်။ အခုဖော်ပြပေးသွားမှာကတော့ ကမ္ဘာတစ်ဝန်းရှားပါးလာတဲ့ တိရစ္ဆာန်တွေအကြောင်းပဲဖြစ်ပါတယ်။

**အရောင်စုံကွက်ထိဇယ်ငှက်**

စိမ်းပြာရောင်နဲ့ အနီရောင်စပ်ထားတဲ့ အမွေးတွေပါတဲ့ ကွက်ထိဇယ်ငှက်ကောင်ရေဟာ တဖြည်းဖြည်းနည်းပါးလာပြီး ၎င်းတို့နေထိုင်ကျက်စားရာ မူရင်းဒေသဖြစ်တဲ့ အမေရိကအလယ်ပိုင်းရဲ့ တောင်တန်းတွေပေါ်မှာ အခုအခါမှာ မတွေ့ရသလောက်ကို အတော်လေးရှားပါးသွားပြီဖြစ်ပါတယ်။ အဲဒီငှက်တွေရှားပါးလာရတဲ့အကြောင်းကတော့ သူတို့ရဲ့လှပတဲ့အရောင်အသွေးကြောင့် တရားမဝင်အဖမ်းခံရကာ အိမ်မွေး



တိရစ္ဆာန်တွေအဖြစ် မှောင်ခိုရောင်းချခံရတာတွေကြောင့် တဖြည်းဖြည်းနဲ့ရှားလာတာပဲ ဖြစ်ပါတယ်။ National Geographic အဖွဲ့ရဲ့ အချက်အလက်တွေအရ အဲဒီငှက်တွေရဲ့ အမွေးနဲ့အတောင်တွေကို အဖိုးတန်ရတနာအနေနဲ့အသုံးပြုပြီး ရက်လုပ်ထားတဲ့အဝတ်အထည်တွေကို ရှေးအခါက တော်ဝင်မင်းမျိုးမင်းနွယ်တွေနဲ့ သူဌေးသူကြွယ်တွေက တန်ဖိုးကြီးအဆင်တန်ဆာအနေနဲ့ ဝတ်ဆင်အသုံးပြုခဲ့ကြတယ်လို့ သိရပါတယ်။ ကွက်ထိဇယ်ငှက်တွေဟာ အလယ်ပိုင်းအမေရိကနဲ့ မက္ကဆီကိုတောင်ပိုင်းတို့မှာရှိတဲ့ အပူပိုင်းမိုးသစ်တောတွေမှာ အဓိကနေထိုင်ကျက်စားကြတဲ့ ငှက်တွေဖြစ်ပါတယ်။ ကွက်ထိဇယ်ငှက်ဟာ ကောက်ပဲသီးနှံတွေကို အဓိကအားပြုစားသုံးကြပြီး အင်းဆက်၊ ပိုးမွှား၊ အိမ်မြှောင်၊ ဖားနဲ့ ခရုတွေကိုလဲ ရံဖန်ရံခါစားသုံးကြပါတယ်။ အဆိုပါငှက်မျိုးစိတ်တွေမှာ အမနဲ့ အထီးက အရောင်ကွဲပြားတာကို လေ့လာတွေ့ရှိရပါတယ်။ အထီးတွေရဲ့အရောင်က ပိုမိုတောက်ပလေ့ရှိပြီး အမတွေကတော့ အရောင်အနည်းငယ်မွဲခြောက်ပါတယ်။ ငှက်မတွေဟာ မိတ်လိုက်ပြီး ၁၇ ရက်ကနေ ၁၉ ရက်အတွင်း ဥဥလေ့ရှိပြီး တစ်ခါဥဥရင် ဥတစ်လုံးကနေ သုံးဥထိ ဥလေ့ရှိပါတယ်။

**ဆူမားတြားကြံ့**

ဆူမားတြားကြံ့ဟာ ရှားပါးကြံ့မျိုးစိတ်ငါးမျိုးထဲက တစ်မျိုးဖြစ်ပြီး အကောင်အရွယ်အစားအနေနဲ့ကတော့ အသေးဆုံးကြံ့မျိုးနွယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ပြင် နို့တိုက်သတ္တဝါဝင်မျိုးစိတ်လဲ ဖြစ်ပါတယ်။ အရွယ်အစားကိုပြောရမယ်ဆိုရင် အရွယ်ရောက်ပြီး ဆူမားတြားကြံ့တစ်ကောင်ဟာ မြေပြင်ကနေ သူ့ရဲ့ပခုံးထိအမြင့်ဟာ ၄၄ လက်မကနေ ၅၇ လက်မထိမြင့်ပြီး ခေါင်းကနေ ကိုယ်ထည်ထိ အရှည်ဟာ ခုနစ်ပေကိုးလက်မကနေ ၁၀ ပေ ငါးလက်မထိ ရှည်လျားပါတယ်။ အမြီးကတော့ ၁၄ လက်မကနေ ၂၈ လက်မရှိပါတယ်။ ကိုယ်အလေးချိန်ကတော့ ပေါင် ၁၁၀၀ ကနေ ပေါင် ၂၂၀၀ ထိ ရှိပါတယ်။ ၎င်းရဲ့ဦးခေါင်းမှာ ဦးချိုနှစ်ချောင်းပါရှိတဲ့အတွက် ဦးချိုနှစ်ချောင်းကြံ့လို့လဲ ခေါ်ပါတယ်။ ဦးချိုအကြီးဟာ ၅ ဒသမ ၉ လက်မကနေ ၉ ဒသမ ၈ လက်မထိ ရှည်လျားပါတယ်။ နီညိုရောင်အမွေးအမှင်တွေက ဆူမတြားကြံ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ်ထားပါတယ်။ ဆူမတြားကြံ့တွေဟာ တစ်ချိန်က အိန္ဒိယ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တရုတ် စတဲ့နိုင်ငံတွေမှာ နေထိုင်ကျက်စားခဲ့ကြပေမဲ့ ရာသီဥတုပြင်းထန်စွာဖောက်ပြန်လာတာကြောင့် အဆိုပါနေရာတွေမှာ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး



ဖြစ်လာပါတယ်။ ဆူမားတြားကြံ့တွေကို အခုအခါမှာ ဘေးမဲ့တောရိုင်းနေရာ ငါးနေရာလောက်မှာပဲ တွေ့ရတော့ပြီး ခန့်မှန်းခြေ ကောင်ရေကတော့ စုစုပေါင်း ၈၀ လောက်ပဲ ကျန်ရှိတော့တယ်လို့ WWF ရဲ့ အဆိုအရ သိရပါတယ်။

**ကြောင်ဝက်ဝံ**

ကြောင်ဝက်ဝံတွေဟာ ထူထဲတဲ့အနက်ရောင်အမွေးဖွားဖွားတွေနဲ့ တိုတိုချွန်ချွန်နှာခေါင်းတို့ကြောင့် လူချစ်လူခင်ပေါတဲ့ တိရစ္ဆာန်တွေဖြစ်ပါတယ်။ မျက်လုံးတွေကလဲ မည်းနက်ကာ ကြီးမားဝိုင်းစက်ပါတယ်။ နားရွက်တွေကတော့ ဝိုင်းပြီးတိုကာ နားရွက်အနားသတ်တွေမှာ အဖြူရောင်အမွေးတွေနဲ့ အနားကွက်ထားသလိုဖြစ်နေပါတယ်။ သူ့မှာ ရှည်လျားချွန်ထက်တဲ့ အစွယ်နှစ်ချောင်းပါပြီး အံသွားအပါအဝင် စုစုပေါင်းသွား ၁၂ ချောင်းရှိပါတယ်။ တုတ်ခိုင်တဲ့ ခြေနဲ့လက်တွေမှာ သန်မာတဲ့ဖဝါးတွေရှိပြီး သစ်ပင်တက်ရာမှာ အထောက်အကူပေးတဲ့ ခြေသည်း၊ လက်သည်းတွေလဲ ရှိပါတယ်။ ကြောင်ဝက်ဝံတွေဟာ အသီးအနှံကို အဓိကစားတဲ့သတ္တဝါတွေဖြစ်ပေမဲ့ တစ်ခါတစ်ရံလဲ အသားစားတာကို တွေ့ရပါတယ်။ အဆိုပါတိရစ္ဆာန်တွေကို အိမ်မွေးတိရစ္ဆာန်အနေနဲ့ မွေးမြူသူတွေရှိလာတာကြောင့် တရားမဝင်ဖမ်းဆီးခံရတာတွေ



များလာသလို တိုင်းရင်းဆေးဖော်စပ်ရာမှာလဲ ၎င်းတို့ရဲ့အသွေးအသားဟာ ဆေးဖက်ဝင်တယ်လို့ အယူရှိကြတာကြောင့် အမဲလိုက်ဖမ်းဆီးခံရတာတွေလဲရှိလာကာ ရှားပါးလာကြပါတယ်။ အဲဒီလို စီးပွားဖြစ်တရားမဝင်ဖမ်းဆီးတာတွေကြောင့် ကြောင်ဝက်ဝံတွေဟာ ရှားပါးလာပြီး မျိုးသုဉ်းလုနီးပါးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ အခုအခါမှာ တိရစ္ဆာန်ရုံတွေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရေးပြတိုက်တွေမှာ ၎င်းမျိုးစိတ်တွေရှင်သန်ရေးနဲ့ပတ်သက်ပြီး ထိန်းသိမ်းကာကွယ်ရေးအစီအစဉ်တွေ ရေးဆွဲကာကွယ်လျက်ရှိတယ်လို့ သိရပါတယ်။

**အိန်ဂျယ်ငါးမန်း**

အိန်ဂျယ်ငါးမန်းလို့ခေါ်တဲ့ နတ်သမီးငါးမန်းတွေဟာ တစ်ချိန်က အတ္တလန္တိတ်သမုဒ္ဒရာရဲ့ အရှေ့မြောက်ပိုင်းကမ်းရိုးတန်းရေပြင်တွေမှာ နေထိုင်ကျက်စားခဲ့ကြပါတယ်။ အဲဒီငါးမန်းမျိုးစိတ်တွေဟာ ပင်လယ်ကြမ်းပြင်အနီးမှာ နေထိုင်ကျက်စားကြတဲ့ သတ္တဝါတွေဖြစ်ပါတယ်။ အိန်ဂျယ်ငါးမန်းတွေဟာ အမဲလိုက်ရာမှာ သူ့ကိုယ်သူ ကိုယ်ယောင်ဖျောက်ဖုံးကွယ်ဖို့အတွက် ပင်လယ်ကြမ်းပြင်က အနည်အနှစ်တွေထဲ ရောပြီး ပုံဖျက်နိုင်ပါတယ်။ သူတို့တွေရဲ့ရေယက်တွေဟာ ပုံမှန်ငါးမန်းတွေလို ကျောဆူးတောင်မပါဘဲ ပြန့်ကားနေပြီး ဦးခေါင်းပြားပါတယ်။ ခန္ဓာကိုယ်အရွယ်အစားက ဖြက်ကျယ်ပြီး အရောင်အသွေးက ကျောက်တုံးကျောက်ခဲတွေနဲ့ တူပါတယ်။ အရွယ်ရောက်ပြီး အိန်ဂျယ်ငါးမန်းတစ်ကောင်ဟာ အရှည် ၂ ဒသမ ၄ မီတာထိ ရှည်လျားပါတယ်။ အိန်ဂျယ်ငါးမန်းအမတွေဟာ တစ်နှစ်ကို ငါးမန်းပေါက်ကောင်ရေ ခုနစ်ကောင်ကနေ ၂၅ ကောင်ထိ မွေးဖွားနိုင်ပါတယ်။ အိန်ဂျယ်ငါးမန်းတွေဟာ ရန်လိုတဲ့ငါးမန်းမျိုးစိတ်ဖြစ်တာကြောင့် လူကိုကိုက်ကာ အန္တရာယ်ပေးတတ်တဲ့အတွက် အိန်ဂျယ်ငါးမန်းကို ဝေးဝေးက ရှောင်သင့်ပါတယ်။ အတ္တလန္တိတ်ပင်လယ်၊ မြေထဲပင်လယ် စတဲ့နေရာတွေမှာ နေထိုင်ကျက်စားတဲ့ အိန်ဂျယ်ငါးမန်းကောင်ရေဟာ နှစ်ပေါင်း ၅၀ အတွင်း လူသားတို့ရဲ့ အလွန်အကျွံဖမ်းဆီးမှုနဲ့ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် သိသိသာသာကျဆင်းလာပါတယ်။ ၂၀ ရာစုနှစ်လယ်ပိုင်းကစပြီး အိန်ဂျယ်ငါးမန်းတွေကို စီးပွားဖြစ်အလွန်အကျွံဖမ်းဆီးမှုကြောင့် ကောင်ရေတွေကျဆင်းသွားရကာ မျိုးသုဉ်းလု



နီးပါးဖြစ်လာပါတယ်။ မျိုးသုဉ်းလုနီးပါးဖြစ်လာတဲ့အတွက်ကြောင့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးသမဂ္ဂက အဲဒီငါးမန်းမျိုးစိတ်တွေကိုထိန်းသိမ်းဖို့ ရည်မှန်းချက်ထားကြိုးပမ်းလာကြတာကို တွေ့ရပါတယ်။

**ရွှေရောင်အမွေးနှင့် ဆင်ကြွက်စုတ်**

ကင်ညာနိုင်ငံမှာ နေထိုင်ကျက်စားတဲ့ ရွှေရောင်အမွေးနဲ့ ဆင်ကြွက်စုတ်ဟာ မျိုးသုဉ်းလုနီးပါး ကြွက်စုတ်မျိုးစိတ်ထဲမှာ အရွယ်အစားအကြီးဆုံး ကြွက်စုတ်အနေနဲ့ အသိအမှတ်ပြုခံထားရတဲ့ ကြွက်စုတ်ဖြစ်ပါတယ်။ ဒါ့ပြင် ရွှေရောင်အမွေးနဲ့ ဆင်ကြွက်စုတ်ဟာ ကြွက်စုတ်မျိုးစိတ်ထဲမှာ မျိုးသုဉ်းပျောက်ကွယ်မှု အမြင့်ဆုံးလဲဖြစ်ပါတယ်။ ကမ်းရိုးတန်းတစ်လျှောက် သစ်တောတွေမှာ အစုလိုက်အပြုံလိုက် နေထိုင်ကျက်စားတတ်တဲ့ ဆင်ကြွက်စုတ်ဟာ နို့တိုက်သတ္တဝါငယ်တွေဖြစ်ပြီး ကောင်ရေအနေနဲ့ ၁၃၀၀၀ လောက်ပဲ ကျန်ရှိတော့တယ်လို့ အရင်ကကောက်ယူထားတဲ့ စစ်တမ်းအချက်အလက်တွေအရ သိရပါတယ်။ လက်ရှိမှာတော့ ဆင်ကြွက်စုတ်



ကောင်ရေကိုစောင့်ကြည့်ပြီး စစ်တမ်းကောက်ယူတာတွေ မရှိတော့တဲ့အတွက် ဆင်ကြွက်စုတ်ကောင်ရေအတိအကျကို မသိရှိနိုင်တဲ့အပြင် ကာကွယ်ထိန်းသိမ်းဖို့ကြိုးပမ်းတာလဲမရှိတာကြောင့် ရွှေရောင်အမွေးနဲ့ဆင်ကြွက်စုတ်တွေဟာ မကြာခင်မှာ လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားတော့မှာဖြစ်ပါတယ်။

**ကိုးကား**


- The Most Endangered Animals in the World
- The rare animals around the world

# ယီမင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် မိသားစု ၃၄၀၀၀ ကျော် ထိခိုက်မှုများဖြစ်ပေါ်



ဆာနား ဩဂုတ် ၁၄

ယီမင်နိုင်ငံတွင် ဇွန်လနှောင်းပိုင်းမှစ၍ ဩဂုတ်လအစောပိုင်းထိ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အနည်းဆုံးလူ၅၇ ဦးသေဆုံးခဲ့ကာ မိသားစု ၃၄၀၀၀ ကျော် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံး (OCHA)က ဩဂုတ် ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုဖြစ်ပွားသည့် ဟာဒေးဒက်၊ ဟဂျ်၊ တေ့ဇ်၊ မဲရစ်ဒေသများတွင် ဟာဒေးဒက်ဒေသသည် ထိခိုက်မှုအပြင်းထန်ဆုံးဖြစ်ခဲ့ပြီး ရေကြီးမှုကြောင့် မိသားစု ၆၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ယီမင်နိုင်ငံရဲ့ သဘာဝဘေးအန္တရာယ်ပြင်းထန်မှုက ကြီးမားပြီး ပြည်တွင်းမငြိမ်မသက်မှုတွေကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကလဲ လိုအပ်ချက်တွေကြီးမားနေပါတယ်"ဟု ယီမင်နိုင်ငံရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာနိုင်ငံတကာအဖွဲ့(IOM)၏ အကြီးအကဲ မက်ဟက်တာက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုအခြေအနေကြောင့် ယီမင်နိုင်ငံတစ်ဝန်း လမ်းများပိတ်ဆို့လျက်ရှိပြီး ယီမင်နိုင်ငံရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ နိုင်ငံတကာအဖွဲ့(IOM)အနေဖြင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်ဟု အဆိုပါအဖွဲ့အစည်းက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref: Xinhua News

Trs : AZH

# တောင်ဆူဒန်နိုင်ငံတွင် မိုးရာသီအတွင်း သေဆုံးသူ ၆၈ ဦးထက်မနည်းရှိခဲ့

ဂျူဘာ ဩဂုတ် ၁၄

တောင်ဆူဒန်နိုင်ငံတွင် မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏ များပြားသကဲ့သို့ သေဆုံးသူ ၆၈ ဦး ထက်မနည်းရှိခဲ့ကြောင်း တောင်ဆူဒန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ယခုနှစ် မိုးရာသီတွင် ပုံမှန်မိုးရွာသွန်းမှုပမာဏထက် မြင့်မားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏလည်း ပိုမိုများပြားခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် မိုးရာသီကာလ၌ ပျက်စီးဆုံးရှုံးမှုဖြင့် အများဆုံးရင်ဆိုင်ခဲ့ရသော နိုင်ငံအဖြစ်လည်း သတ်မှတ်ခံခဲ့ရပြီး လာမည့်နှစ်တွင် မိုးရာသီကာလ၌ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တောင်ဆူဒန် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ်ရဲ့ မိုးကာလအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် သေဆုံးသူ ၆၈ ယောက်ထက်မနည်း ရှိခဲ့ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူလဲ များပြားခဲ့ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့စာရင်းကို စိစစ်နေဆဲဖြစ်ပါတယ်။ လာမဲ့နှစ်မှာတော့ မိုးကာလအတွင်း ပြည်သူတွေ ပိုမိုလုံခြုံစေဖို့အတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်တွေ ပြုလုပ်သွားမှာဖြစ်ပါတယ်" ဟု တောင်ဆူဒန် ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောင်ဆူဒန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များအပြင် ပြည်တွင်းစစ်ကြောင့်လည်း ပြည်သူများ နေရပ်ကို စွန့်ခွာခဲ့ရသည့် အခြေအနေများဖြင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူလည်း များပြားခဲ့သည်။

၂၀၁၉ ခုနှစ်ကလည်း သဘာဝဘေးဒဏ်ကြောင့် ပြည်သူ ၁၀ ဒသမ ၇ သန်းထိ နေရပ်ကို စွန့်ခွာခဲ့ရသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ဖူးပြီး ၂၀၂၄ ခုနှစ်တွင် ၂၀၁၉ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် အခြေအနေမျိုး မဟုတ်သော်လည်း နေရပ်ကိုစွန့်ခွာခဲ့ရသူ များပြားခဲ့ကြောင်းလည်း တောင်ဆူဒန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref: Sputnik News

Trs : Sai Sat

# အန်နက်စတိုမုန်တိုင်း ပွာတိုရီကိုနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

ဝါရှင်တန် ဩဂုတ် ၁၄

အန်နက်စတိုဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် လာမည့် ရက်သတ္တပတ်အတွင်း ပွာတိုရီကိုနိုင်ငံသို့ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အန်နက်စတိုမုန်တိုင်းသည် အမေရိကန်နိုင်ငံအပြင် ဗြိတိသျှဗာဂျင်ကျွန်းနှင့် ပွာတိုရီကိုနိုင်ငံကို ဖြတ်သန်းတိုက်ခတ်မည်ဖြစ်ပြီး အပူပိုင်းမုန်တိုင်းအသွင်မှ ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းသွားနိုင်ကြောင်း၊ အန်နက်စတိုမုန်တိုင်းသည် ပွာတိုရီကိုနိုင်ငံမြောက်ဘက်ပိုင်းသို့ ကနဦးဝင်ရောက် တိုက်ခတ်ဖွယ်ရှိနေပြီး လေတိုက်နှုန်းမှာလည်း တစ်နာရီလျှင် ၆၅ မိုင်နှုန်းဖြင့် တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

"ပွာတိုရီကိုနိုင်ငံအပြင် ဗာဂျင်ကျွန်းကိုလဲ အန်နက်စတိုမုန်တိုင်း ဖြတ်သန်းတိုက်ခတ်ဖွယ် ရှိနေပါတယ်။ မုန်တိုင်းအားကောင်းသလို ဟာရီကိန်းမုန်တိုင်းအသွင်ပါ ကူးပြောင်းနိုင်တဲ့အတွက် အန္တရာယ်ရှိပါတယ်။ အေဂျင်စီအနေနဲ့လဲ လိုအပ်တာတွေကိုကြိုတင်ပြင်ဆင်သွားမှာဖြစ်ပါတယ်"ဟု ဗြိတိသျှဗာဂျင်ကျွန်း အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ဒါရိုက်တာဖြစ်သူ ဂျက်ချန်က ပြောကြားခဲ့သည်။

မုန်တိုင်းကြောင့် လေတိုက်နှုန်း တစ်နာရီလျှင် ၇၄ မိုင်နှုန်းသို့ မြင့်တက်ခဲ့ပါက ဟာရီကိန်းမုန်တိုင်းအဖြစ်သို့ သတ်မှတ်မည်ဖြစ်ပြီး မုန်တိုင်းဝင်ရောက်ပြီး အချိန်တိုအတွင်း ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

Ref: Xinhua News

Trs : Sai Sat



# ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ငွေကြေးပံ့ပိုးရန် တရုတ်အစိုးရ ကတိပြု

ပေကျင်း ဩဂုတ် ၁၄

တရုတ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့ရသော လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ငွေကြေးပံ့ပိုးပေးရန် တရုတ်အစိုးရက ဩဂုတ် ၁၃ ရက်တွင် ကတိပြုပြောကြားခဲ့ကြောင်း ယနေ့သတင်းအများအရ သိရသည်။

တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် Liu Guozhong သည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ လျောင်နင်းပြည်နယ်နှင့် ဂျီလင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုနှင့်ပတ်သက်သော အခြေအနေများကို သွားရောက်ကြည့်ရှုစဉ် တရုတ်နိုင်ငံစိုက်ပျိုးရေးကဏ္ဍအတွက် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေး စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီးနောက် အဆိုပါငွေကြေးပံ့ပိုးပေးမည့် အစီအစဉ်ကို ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်များရှိ အဓိကရေထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်းများတွင် မိုးခေါင်ရေရှားမှုဘေးအန္တရာယ်များမှ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ပေးနိုင်ရေးအတွက် မိုးရွာသွန်းမှုအခြေအနေများကို စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများ အားကောင်းစေရန် Liu က တိုက်တွန်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ မြောက်ပိုင်းရှိ လျောင်နင်း၊ ဂျီလင်း၊ ဟေလောင်ကျန်း၊ အတွင်းမွန်ဂိုလီးယားနှင့် ရှင်ကျန်းပြည်နယ်ရှိ အဓိကမြစ်ကြီးများသည် ဩဂုတ် ၁၃ ရက်မှစ၍ သတိပေးအဆင့်ထက် ကျော်လွန်လျက်ရှိပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ဇူလိုင်လအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁ ဘီလီယံခန့်ရှိခဲ့ပြီး အဆိုပါဆုံးရှုံးမှုများ၏ ၈၈ ရာခိုင်နှုန်းမှာ ရေကြီးရေလျှံမှုများကြောင့်ဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

Ref : Xinhua News

Trs : AZH

# အီတလီနိုင်ငံ စစ္စလီကျွန်းတွင် အစိုးရအနေဖြင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးကိုဆောင်ရွက်ပေးရန် တောင်သူများတောင်းဆို

ရောမ ဩဂုတ် ၁၄

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရပြီး မိုးခေါင်မှုကြောင့် လိမ္မော်သီးစိုက်ပျိုးသူများ အခက်တွေ့နေသည့်အတွက် အစိုးရအနေဖြင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးကို ဆောင်ရွက်ပေးရန် တောင်သူများက တောင်းဆိုခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်မှုကြောင့် မြေအောက်ရေအရင်းအမြစ် ရှားပါးလာသကဲ့သို့ မြစ်ချောင်းများတွင်လည်း ရေပမာဏ ကျဆင်းလာခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အကျပ်အတည်းဖြင့် ရင်ဆိုင်လာရကြောင်း သိရသည်။

"ဒီနှစ်မှာတော့ စစ္စလီကျွန်းဟာ တစ်ခါမှ ရင်မဆိုင်ဖူးသေးတဲ့ မိုးခေါင်ရေရှားပါးမှု ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်မှုကြောင့် လိမ္မော်စိုက်ပျိုးသူတွေဟာ တော်တော်လေးအခက်တွေ့နေပါတယ်။ အစိုးရအနေနဲ့ တောင်သူတွေရဲ့ အခက်အခဲကို အမြန်ဆုံး ဖြေရှင်းပေးနိုင်မယ်လို့မျှော်လင့်ပါတယ်။ အစိုးရရဲ့ အကူအညီကို မဖြစ်မနေလိုအပ်နေပါတယ်။ ရာသီဥတုဖောက်ပြန်လာမှုပြဿနာဟာ ကဏ္ဍတိုင်းအတွက် အခက်တွေ့စေတဲ့အခြေအနေလဲဖြစ်စေပါတယ်"ဟု စစ္စလီကျွန်းမှ လိမ္မော်စိုက်ပျိုးသူများအသင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အီတလီနိုင်ငံ၏ သစ်သီးစိုက်ပျိုးမှုတွင် စစ္စလီကျွန်းက အများဆုံးဖြစ်ပြီး မိုးခေါင်မှုကြောင့် သစ်သီးစိုက်ပျိုးမှု အခက်တွေ့လာကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် မိုးခေါင်မှုကြောင့် တောင်သူများ အခက်တွေ့နေရမှုကို ဖြေရှင်းဆောင်ရွက်ပေးသွားရန် စစ္စလီကျွန်းမှ တောင်သူများက တောင်းဆိုလာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ ရင်ဆိုင်နေရသည့် မိုးခေါင်သည့်ပြဿနာသည် စစ္စလီကျွန်း သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသော အခြေအနေတစ်ရပ်ဖြစ်ကြောင်း၊ စစ္စလီကျွန်းရှိ ရေလှောင်တမံများတွင်လည်း ရေပမာဏ သိသိသာသာ ကျဆင်းလျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍအတွက်သာမက သောက်သုံးရေ ခက်ခဲလာသည့် ပြဿနာပါရင်ဆိုင်နေရကြောင်း၊ မိုးခေါင်သည့်ပြဿနာကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ခြင်း မရှိခဲ့ပါက သောက်သုံးရေ ပြတ်လပ်သည့်အဆင့်ထိ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

Ref: Russia Today

Trs : Sai Sat

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၄)
## (၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများ ကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ပြည်နယ်၊ မြို့ နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈၊ ၀၉-၄၀၁၆၀၅၀၇၁ |

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ထူးခြားသည့် နေ့အပူချိန်များ (၁၄-၈-၂၀၂၄)

| | | | | | | | |
|---|---|---|---|---|---|---|---|
| မချမ်းဘော | ၃၇ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ကလေးဝ | ၃၅ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ချောက် | ၃၄ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၄ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၆ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၄ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကလေး | ၃၅ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

## ကိုဗစ် - ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများ ချေးငွေ အရင်းနှင့် အတိုးများ အမြန်ဆုံးပြန်လည်ပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ်(အတိုးနှုန်း တစ်ရာခိုင်နှုန်း)ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်ထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ် ဇွန် ၆ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့်ကုမ္ပဏီ၊လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်းလုံးဝမပေးဆပ်သည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်း မရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရအရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်
ကုစားရေးလုပ်ငန်းကော်မတီ




STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။




ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆


## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်၊ အကွက် (447) ဒေါနခြံရပ်ကွက်နေ ဦးဇေယျာဝင်း-ဒေါ်စန်းစန်းအေး (ဖွဲလန်း-မြေအိုးဖက်ထမင်းဆိုင်)တို့၏သား မောင်အောင်ပြည့်ဖြိုး (ခ) မောင်ဝေဖြိုး (၉/ခအဇ(နိုင်)၀၃၅၂၄၄) သည် မိဘတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇေယျာဝင်း (၉/မရမ(နိုင်)၀၀၄၀၈၈)
ဒေါ်စန်းစန်းအေး (၅/အရတ(နိုင်)၀၇၁၀၃၇)

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ.ထ.က(ခွဲ)လ-၅၊ Grade-11 တွင် ပညာသင်ကြားနေသော မမြတ်ဆုမွန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်းတင် ဖြစ်ပါကြောင်း။

ဦးဆန်းတင် (၉/ကပတ(နိုင်)၁၇၉၈၃၈)

### ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အင်ဒုံစုံနေ အောင်ခန့်ပိုင်ဖြိုး (ဘ) ဦးမောင်မောင် (၉/ပကခ(နိုင်)၀၆၈၈၅၁) ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-354554) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၆၈၅၀၄၁၃

## အမည်ပြောင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ အ.မ.က(၆)၊ ဇီးအုပ်တွင် ပညာသင်ကြားနေသော ဦးချစ်မင်း ၏သားများဖြစ်သော Garde-3 မှ မောင်ကောင်းခန့်သူ အား မောင်စိုင်းသူရဇော် ဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် မူကြိုမှ မောင်ကောင်းထက်သူ အား မောင်ရဲသူရအောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စိုင်းသူရဇော်
မောင်ရဲသူရအောင်

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်နေ မောင်ငြိမ်းဇော်ဦး(ဘ) ဦးမြင့်သန်း (၁၄/ပသန(နိုင်)၂၂၀၇၅၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၇၅၇၈၂၅၈

### ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နယ်နေ မရည်မွန်ကို (ဘ) ဦးမြင့်စိန် (၁၄/ကကထ(နိုင်)၁၅၇၃၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၈၄၈၆၆

### ပျောက်ဆုံးကြောင်း

တွံတေးမြို့နယ်နေ မဇင်မေမိုး (ဘ) ဦးကျော်အောင် (၁၂/တတန(နိုင်)၂၇၂၂၄၉) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-294 771) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၉၂၉၀၉၆

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဒ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မှုတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

